မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၇၅)

အသက်ခန္ဓာကို စွန့်လွှတ်ဖို့ ဝန်မလေး

ဒို့တပ်မတော်ဟာ စတင်ဖွဲ့စည်းစဉ်ကပင် ကြေးစား မဟုတ်ဘဲ သစ္စာလေးချက်ကိုသာ ဦးထိပ်ရွက်ပြီး တာဝန် ထမ်းဆောင်ခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ ဒို့တပ်မတော် သားတွေဟာ လစာရိက္ခာ ရချင်ရ မရချင်နေ၊ မည်သည့်အခွင့် အရေးကိုမျှ ရပိုင်ခွင့်လို့ သတ်မှတ်ခံယူခြင်းမပြုဘဲ မျိုးချစ် စိတ်နဲ့ အသက်ခန္ဓာကို စွန့်လွှတ်ဖို့ ဝန်မလေးတဲ့ သူတွေ ဖြစ်တယ်။ မျိုးချစ်စိတ်နဲ့ ရှင်သန်နေတဲ့တပ်တွင်းမှာ ရဲဘော် စိတ်နဲ့ တစ်ဦးအတွက်တစ်ဦး အသက်ပေးလျက်ရှိကြတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း
အမှတ်စဉ် (၈) သင်တန်းဆင်းပွဲ မိန့်ခွန်းမှ-

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာ ရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၁၀ ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော် စစ်ရေးပြကွင်းကြီးအတွင်း ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

(၆၅)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက်ပိုင်းတွင် ၂၀၁၀ ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော်စစ်ရေးပြကွင်းကြီးအတွင်း ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှု စစ်ဆေးသည်။

စစ်ရေးပြကွင်းကြီးသို့ ရောက်ရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၂၄ ရက်)

သယံဇာတအရင်းအမြစ်များ၊ နည်းပညာများနှင့် ပေါင်းစပ်အသုံးချ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများ၊ တံတားများ၊ ဆည်မြောင်းတာတမံများ၊ စက်ရုံများ၊ ကျန်းမာရေး၊ ပညာရေးနှင့်ဆိုင်သော အဆောက်အအုံများကို ပြည်ထောင်စုတစ်ဝန်း တည်ဆောက်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ တည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ အဓိကလိုအပ်သော သွင်းအားစုများသည် ဘိလပ်မြေနှင့် သံမဏိဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ်(၄)သံမဏိစက်ရုံ(မြင်းခြံ)ဖွင့်ပွဲကို မန္တလေးတိုင်း မြင်းခြံမြို့နယ်ရှိ အဆိုပါသံမဏိစက်ရုံအဝင်မုခ်ဦး၌ မတ် ၂၁ရက်က ကျင်းပခဲ့သည်။ ယင်းစက်ရုံသည် အခြားစက်ရုံများအတွက် လိုအပ်လျက်ရှိသည့် သံမဏိချောင်းကြီးများနှင့် သံမဏိပြားများကို ထုတ်လုပ်ပေးမည့် သံ၊ သံမဏိလုပ်ငန်းစုကြီး၏ ဗဟိုချက်ဖြစ်သော စက်ရုံတစ်ရုံဖြစ်သည်။

အမှတ်(၄)သံမဏိစက်ရုံ(မြင်းခြံ)သည် သဘော်ပျက်စက်ရုံ(သီလဝါ)ကရရှိသော သံထည်ပျက်များနှင့် အမှတ်(၅) သံမဏိစက်ရုံ(ပင်းပက်)ကရရှိသည့် သံစိမ်းများကို သံမဏိချောင်းကြီးများအဖြစ် ထပ်ဆင့်ထုတ်လုပ်ပြီး အမှတ်(၁)သံမဏိစက်ရုံ(ကျောက်ဆွယ်ကျိုး)ကိုပေးပို့မည်ဖြစ်သကဲ့သို့ သံမဏိပြားများအဖြစ် ထုတ်လုပ်ပြီး အမှတ်(၂)သံမဏိစက်ရုံ(မြောင်းတကာ)ကို ပေးပို့မည်ဖြစ်သည်။

ရန်ကုန်တိုင်း အင်းစိန်မြို့နယ်၌ရှိသည့် ရွာမသံမဏိစက်ရုံသည် နိုင်ငံတော်၏ ပထမဆုံးသော သံ၊ သံမဏိဆိုင်ရာ စက်ရုံပင်ဖြစ်သည်။ ပြင်ဦးလွင်မြို့နယ် အနီးစခန်းဒေသတွင် သံနှင့် သံမဏိစက်ရုံတစ်ခုကို ၁၉၇၉ခုနှစ်၌ တည်ထောင်ခဲ့ပြီး ယင်းစက်ရုံသည် Pilot Plant ရွှေ့ပြောင်းစက်ရုံတစ်ခုဖြစ်ပြီး ယင်းစက်ရုံမှ သံမဏိ၊ သံချောင်းများနှင့် စက်မှုသုံးသံထည်ပစ္စည်းများအတွက် ကုန်ကြမ်းများထုတ်လုပ်ပေးခဲ့သည်။

မြန်မာနိုင်ငံတွင် သံရိုင်းကုန်ကြမ်းထုတ်လုပ်နိုင်သည့် သတ္တုသိုက်သုံးခုရှိပြီး ပြင်ဦးလွင်(ကျားတွင်းရေ)ဒေသမှ သံရိုင်းတန်ချိန် သုံးသန်းခန့်ရှိသည့် သတ္တုသိုက်၊ တောင်ကြီးမြို့နယ်နှင့် ဟိုပုံးမြို့နယ်အစပ်မှ ပင်းပက်ဒေသ၌ သံရိုင်းတန်ချိန် သန်း ၇၀နှင့် ဖားကန့်မြို့နယ် ကသိုဏ်းတောင်ဒေသ၌ သံရိုင်းတန်ချိန် သန်း ၂၃၀ထွက်ရှိသည့် သတ္တုသိုက်များတည်ရှိနေပေသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများနှင့် ပြည့်စုံကြွယ်ဝသည့် နိုင်ငံဖြစ်သည့်အလျောက် ယင်းသယံဇာတများကို နည်းပညာများနှင့် ပေါင်းစပ်၍ ထုတ်ယူသုံးစွဲခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို အထောက်အကူဖြစ်စေခဲ့ရာ တည်ရှိပြီးသဘာဝသယံဇာတအရင်းအမြစ်များကို တိုင်းရင်းသားပြည်သူများက နည်းလမ်းတကျ ထုတ်ယူသုံးစွဲနိုင်ကြရမည်ဖြစ်သကဲ့သို့ ရေရှည်တည်တံ့ရန်အတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ॥

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၂၅-၃-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် (မေတ္တသုတ်+ခန္ဓသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (ကစားစဉ်၌ယဉ်ကျေးခြင်း)
၈း၃၅ တေးပဒေသာ
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (စိုင်းစိုင်းခမ်းလှိုင်)
၁၁း၄၅ သိပ္ပံပညာသိကောင်းစရာ (ဂယ်လီလီယို-ဒေါက်တာခင်မောင်ညို)
၁၁း၅၅ တေးသီချင်း
၁၂း၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ကနုတ်ပန်း)
၁၂း၃၀ Music Talk (16) တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ အမှတ်တရတေးလက်ဆောင်
၁၇း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (မီး) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ရေဒီယိုဇာတ်လမ်းတွဲများ နှလုံးသားပြိုင်ပွဲ (အပိုင်း-၁)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (မြေဆီမြေနှစ်)
၁၈း၄၀ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ သုတစုံကြွယ်သိစေဖွယ် (စာရေးဆရာရဲ့ ပီတိ) (ချစ်နိုင်-စိတ်ပညာ)
၁၉း၄၀ ရေဒီယိုအတိုတ်တေးအရိပ်
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (အဲ့ဒါအချစ်လို့ခေါ်တယ်)
၂၀း၅၀ တပ်မတော်နေ့ဂုဏ်ပြု ရွာစားစိန်မင်းသားဆိုင်းအဖွဲ့ စီးပွားရေးဦးတည်ချက်
၂၁း၀၀ ဆောင်းပါး (လောကကိုစည်ပင်စေသော တရားနှစ်ပါး)
၂၁း၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

ဝက်လက်မြို့နယ်၌ ဝက်လက်-သခွတ္တော-ဟံလင်း ကျောက်လမ်းသစ်ဖွင့်

နေပြည်တော် မတ် ၂၃

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဝက်လက်မြို့နယ် ဝက်လက်-သခွတ္တော-ဟံလင်းလမ်း ဂျင်းကျောက်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရွှေဘိုခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝက်လက်မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ (အပေါ်ပုံ)

ဖွင့်လှစ်ပေး

လမ်းသစ်ဖွင့်ပွဲအခမ်းအနားတွင် ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦးက ဝက်လက်-သခွတ္တော-ဟံလင်း ဂျင်းကျောက်လမ်းသစ်နှင့် တစ်ဖက်ဆည် သစ်သားတံတားသစ်များ တည်ဆောက်ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝက်လက်-သခွတ္တော-ဟံလင်းလမ်း ဂျင်းကျောက်လမ်းသစ်နှင့် တစ်ဖက်ဆည် သစ်သားတံတားကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်မြင့်၊ ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဒေသခံ ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

သွားလာအသုံးပြု

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့ဖွင့်လှစ်လိုက်သော အဆိုပါလမ်းသည် လမ်းအရှည် ၅ မိုင်၂ ဖာလုံရှိပြီး တစ်ဖက်ဆည် သစ်သားတံတားသည် အရှည် ၇၅ပေ၊ အကျယ် ၁၄ပေ၊ အမြင့် ၁၀ပေ ရှိသည်။

ယင်းတို့ကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ဝက်လက်-သခွတ္တော-ဟံလင်း ကျေးရွာများရှိ ဒေသခံပြည်သူများ အလွယ်တကူ သွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

မြဝတီရုပ်မြင်သံကြား

၂၄-၃-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနှားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၄၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၅ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၅ ၁၄။ Mail Box
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၂၁)
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၆၂)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ (၆၅)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် **အလင်းရောင်** (ဒုတိယပိုင်း)

Myanmar ICT Exhibition 2010 ပြပွဲ

ရန်ကုန် မတ် ၂၃

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ Myanmar ICT Exhibition 2010 ကို မတ် ၁၉ရက်မှ ၂၁ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသခဲ့သည်။ ပြပွဲတွင် ကုမ္ပဏီ ပေါင်း ၇၁ခုမှ ပြခန်းပေါင်း ၁၅၉ ခန်း ပါဝင်ပြသပြီး ပြပွဲတွင် ကွန်ပျူတာများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများနှင့် ကွန်ပျူတာအသုံးချ ဆော့ဖ်ဝဲနည်းပညာများ၊ စီဒီအရောင်းဆိုင်များ၊ စာအုပ်အရောင်းဆိုင်များကို စိတ်ဝင်စားဖွယ် ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

● ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ (၆၅)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဝင်များ၊ တပ်မတော်အရာရှိကြီးများနှင့်အတူ နံနက် ၆နာရီတွင် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပမည့် နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ ရောက်ရှိလာသည်။

ဝတ်စုံပြည့်လေ့ကျင့်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် စုရပ်စစ်ရေးပြကွင်းမှ နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ ချီတက်ရောက်ရှိလာသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်စိုးသိန်း ဦးဆောင်၍ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီးမြတ်စိုး၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမင်းမင်းလွင် ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသစ်လင်းအုန်း ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဌေးနိုင် ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ရဲဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ဆန်းဝင်း ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင်မောင်ဌေး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကိုကိုနိုင် ဦးဆောင်သည့် မြဝတီစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကာ နံနက် ၈နာရီ ၁၀မိနစ်တွင် နေပြည်တော် စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည် ထွက်ခွာသွားသည်။

(သတင်းစဉ်)

(၆၅)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော် စစ်ရေးပြကွင်းကြီးအတွင်း ဝတ်စုံပြည့် စစ်ရေးပြ လေ့ကျင့်နေကြစဉ်။

(သတင်းစဉ်)

Kaung Myat Myanmar Amateur Open Golf Championship 2010

ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၃

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ Kaung Myat Companies (KM Golf Centre) က အဓိကကူညီပံ့ပိုးသော Kaung Myat Myanmar Amateur Open Golf Championship 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ်၂၃ရက် နံနက် ၇နာရီ မိနစ် ၄၀က ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ ကျင်းပသည်။

ပြိုင်ပွဲဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများသည် အမှတ်(၁) တီခုံ၌ နေရာယူကြပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမင်းသိန်းနှင့် ဦးအောင်ကြည်၊ Kaung Myat Companies (KM Golf Centre) မှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်မြင့်နှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင်နှင့် ရန်ကုန်ဂေါက်ကလပ် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးခိုင်စိုးသာတို့က ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြကာ **(အောက်ဝဲပုံ)** ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ဦးဆောင်ကစား

ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် မောင်မောင်ဦးက သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ၇၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

တင်လင်းကိုက ရိုက်ချက် ၇၂ချက်ဖြင့် ဒုတိယ၊ စိုးမိုးဝင်းနှင့် သိန်းအေးတို့က ရိုက်ချက် ၇၃ ချက်စီဖြင့် တတိယလိုက်နေပြီး မျိုးဝင်းအောင်(မန္တလေး)က ရိုက်ချက် ၇၄ ချက်ဖြင့် စတုတ္ထလိုက်နေသည်။

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေးအတွက်ရည်ရွယ်၍ Main Sponsor အဖြစ် Kaung Myat Companies (KM Golf Centre) က အဓိက ကူညီပံ့ပိုးပြီး ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)က ထပ်မံ၍ ပံ့ပိုးကူညီကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေါပုံမြို့နယ် ဂီတအစည်းအရုံး ဆိုင်းဘုတ်တင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၃

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒေါပုံမြို့နယ် ဂီတအစည်းအရုံး ဆိုင်းဘုတ်တင်ပွဲ၊ ရုံးခန်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် ယမုံနာလမ်းမကြီးရှိ အဆိုပါရုံးခန်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်နှင့် တာဝန်ရှိသူများက ဒေါပုံမြို့နယ် ဂီတအစည်းအရုံးဆိုင်းဘုတ်နှင့် ရုံးခန်းကို ဖွင့်လှစ်ပေးကြပြီး မြို့နယ်ဂီတအစည်းအရုံးသို့ အလှူရှင်များက အလှူငွေများ လှူဒါန်းကြသည်။

(သတင်းစဉ်)

Gusto ICT Foundation သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၃

Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်းမှ ICT Foundation သင်တန်းကို မတ် ၃၁ရက်တွင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာစာမေးပွဲဖြေဆိုပြီး အဆင့်မြင့်ပညာရပ်များကို ဆက်လက်လေ့လာလိုသူများ၊ ကွန်ပျူတာပညာရပ်ကို လက်တွေ့ဘဝတွင် အကျိုးရှိရှိ အသုံးချနိုင်ရန်အတွက် လေ့လာလိုသူများ၊ ကွန်ပျူတာပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် အခြေခံကောင်းများ ရရှိလိုသူများ တက်ရောက်သင့်သည်။

အဆိုပါသင်တန်းသည် IT ပညာရပ်၏ အရေးပါပုံ၊ အကျိုးရှိပုံ၊ အသုံးချနိုင်ပုံတို့ကို ကောင်းစွာသဘောပေါက်နားလည်စေရန်အတွက် Module ကြီး ၄ါးခု (Microsoft Office Module, Basic Programming Module, Database Module, Graphic Design Module နှင့် Networking Module) တို့ကို မတူညီသောရှုထောင့်မှ သင်ကြားပေးသွားမည် ဖြစ်သည်။

လေ့ကျင့်ပေး

Microsoft Office Module တွင် ကွန်ပျူတာဖြင့် စာစီစာရိုက်၊ စာရင်းဇယားပြုလုပ်ခြင်း၊ Presentation ပြုလုပ်ခြင်းများကို Microsoft Word, Excel, Powerpoint အစရှိသော အဆင့်မြင့် Software တို့ဖြင့် ကျွမ်းကျင်စွာ အသုံးချတတ်အောင် လေ့ကျင့်ပေးခြင်းများ ပါဝင်မည်ဖြစ်သည်။

ဤသင်တန်းတွင် Programming ဘာသာရပ်ကို နားလည်သဘောပေါက်၍ လက်တွေ့ရေးသားခြင်း၊ Database ကို အကျိုးရှိရှိ အသုံးချနိုင်ပုံကို စနစ်တကျလေ့လာ၍ လက်တွေ့လေ့ကျင့်ခြင်း၊ Graphic Design ပညာရပ်က မည်ကဲ့သို့ ထောက်ပံ့ပေးနိုင်ကြောင်းကို နားလည်အောင်လေ့လာခြင်းနှင့် Networking ဘာသာရပ်နှင့်ပတ်သက်၍ အခြေခံများကို နားလည်သဘောပေါက်အောင် သင်ကြားပေးခြင်း စသည်တို့ ပါဝင်မည်ဖြစ်သည်။

အဆိုပါသင်တန်း၏ သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် နှစ်ရက် (အင်္ဂါ၊ ဗုဒ္ဓဟူး) တက်ရောက်သင်ကြားရမည်ဖြစ်သည်။ သင်တန်းသားဦးရေ ၁၅ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် မတ် ၂၈ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြသည်။

ဆက်သွယ်စုံစမ်းနိုင်

စိတ်ပါဝင်စားသူများသည် Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်း အမှတ် ၂၆၊ ၁၄လမ်း(အောက်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၂၂၀၅၂၊ ၂၂၄၄၉၆ နှင့် Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်း ရွှေဖြူပလာဇာ(ဒုတိယထပ်) ၃၂×၃၃ ကြား၊ ၇၇×၇၈လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၈၁၀၀၀၇၂၂၊ ၀၂-၆၀၈၇၃၊ ၇၂၆၆၈(Ext: 212)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၃-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀	၇။	အတီးပြိုင်ပွဲ
၈း၂၀	၈။	မင်းတုန်းချောင်းတံတား
၈း၃၀	၉။	(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄း၂၀	၃။	သီချင်းကြီးပဒေသာ
၄း၂၅	၄။	အကပြိုင်ပွဲ
၄း၃၀	၅။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄း၄၅	၆။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅း၀၀	၇။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၅	၈။	**လက်ဆေးပြီးပြီလား** သီဟတင်စိုး၊ စိုးမိုးကြည်
၅း၁၀	၉။	တေးဂီတအစီအစဉ်
၅း၂၅	၁၀။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၃၅	၁၁။	(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၄၅	၁၂။	ပရိမီယာသီချင်းဆိုပြိုင်ပွဲ (အပိုင်း-၂)
၆း၀၀	၁၃။	ညနေခင်းသတင်း
၆း၁၅	၁၄။	မိုးလေဝသအခြေအနေ
၆း၂၀	၁၅။	မြန်မာ့ခလေ့ရိုးရာလက်ဖွဲ့
၆း၄၀	၁၆။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇း၀၀	၁၇။	ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇း၃၀	၁၈။	ပြည်သူ့အတွက်တပ်မတော် **အစဉ်ထာဝရ ထိန်းသိမ်းနေရမည့် မျိုးချစ်စိတ်ဓာတ်**
၈း၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း **အလင်းရောင်** (ဒုတိယပိုင်း) ကျော်ရဲအောင်၊ ရဲအောင်၊ ပြေတီဦး၊ မြင့်မြတ်၊ ဟိန်းဝေယံ၊ မင်းထက်ကျော်ဇင်၊ ထူးခန့်ကျော်၊ စိုးမြတ်သူဇာ၊ မိုးဟေကို၊ မိုးယုစံ၊ စန္ဒီမြင့်လွင်၊ မေသဥ္စာဦး ဒါရိုက်တာ- တင်အောင်စိုး (ပန်းမြို့တော်)
	၂၃။	အစီအစဉ်ပြီး၏။

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော အမှတ်(၄)လမ်းမကြီးမှ ကင်မလင်းချောင်းကျေးရွာသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် ဂဝံခင်းလမ်းကို ရေဖျန်း၍ လမ်းခင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့ မတ် ၁၇ရက်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

24-3 (03).pmd 1 3/24/2010, 1:39 AM

ရေအရင်းအမြစ် ပြတိုက်

တရုတ်နိုင်ငံ ကျန်ကျင်းပြည်နယ် အရှေ့ပိုင်းဟန်ကျိုးမြို့ ကွမ်တန်ကျန်း မြစ်ကမ်းပါးရှိ ရေအရင်းအမြစ် ထိန်းသိမ်းရေးပြတိုက်ကို မတ် ၂၂ ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

တရုတ်တစ်ပြည်ထောင် မူဝါဒ လေးစားအသိအမှတ်ပြုကြောင်း နီပေါဝန်ကြီးချုပ်ပြောကြား

ခတ္တမန္ဒူ မတ် ၂၃

နီပေါဝန်ကြီးချုပ် ကုမာနီပေါက ဧည့်သည်တော် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်နှင့် ရှန်ဇီပြည်နယ်အတွင်းရေးမှူး ကျောက်လေကျီအား ခတ္တမန္ဒူမြို့နေအိမ်တွင် မတ် ၂၀ရက်၌ လက်ခံတွေ့ဆုံသည်။

၄င်းတို့တွေ့ဆုံဆွေးနွေးစဉ် တိဘက်အရေးနှင့်ပတ်သက်၍ နီပေါအစိုးရ၏ ပူးပေါင်းကူညီဆောင်ရွက်မှုတို့ကို ကျေးဇူးတင်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နှစ်ပေါင်းပရိစ္ဆေဒကြာမြင့်စွာ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြောင်း ကျောက်လေကျီက ပြောကြားသည်။

ခွင့်ပြုမည်မဟုတ်

နီပေါဝန်ကြီးချုပ် ကုမာနီပေါက တုံ့ပြန်ပြောကြားရာ၌ နီပေါနိုင်ငံအနေဖြင့် တရုတ်တစ်ပြည်ထောင်မူဝါဒကို လေးစားလက်ခံကြောင်း၊ တရုတ်ပြည်ဆန့်ကျင်ရေးအတွက် မည်သည့်အင်အားစုကိုမျှ နီပေါနိုင်ငံကို ခြေကုပ်ယူခွင့်ပြုမည်မဟုတ်ကြောင်း ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနှင့်ဂျပန် နှစ်နိုင်ငံသုတေသီများ သဘာဝဘေးအန္တရာယ်ကျော်လွှားရေး သုတေသနပြုလုပ်

ဂျကာတာ မတ် ၂၃

အင်ဒိုနီးရှားသုတေသီများသည် နိုင်ငံတစ်ဝန်းတွင် မြေလျှောင်လှုပ်၊ မီးတောင်ပေါက်ကွဲမှုများ၏ အကျိုးဆက်များကို ကျော်လွှားဖြေရှင်းနိုင်ရန်အတွက် ဂျပန်သုတေသီများနှင့် ယခုအခါ စတင်လက်တွဲဆောင်ရွက်နေပြီဖြစ်သည်။ ယင်းအစီအစဉ်၏ ရည်ရွယ်ချက်မှာ သဘာဝဘေးအန္တရာယ် အလွယ်တကူကျရောက်နိုင်သော ဒေသများအတွင်းနေထိုင်သည့် ပြည်သူများ၏ အသက်အိုးအိမ်များကို ကယ်ဆယ်နိုင်ရေးပင်ဖြစ်ကြောင်း အင်ဒိုနီးရှားသုတေသီတစ်ဦးက ပြောကြားသည်။

အင်ဒိုနီးရှားနှင့်ဂျပန်တို့ သုတေသနလုပ်ငန်းပူးပေါင်းဆောင်ရွက်မည့် အချိန်သည် ၂၀၀၉ခုနှစ်မှ ၂၀၁၂ခုနှစ်အထိဖြစ်သည်ဟု အင်ဒိုနီးရှားသိပ္ပံဌာနမှ ဒေါက်တာဟာရီဟာဂျိုနိုက မတ်၂၀ရက်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ပြောကြား

ဂျပန်သိပ္ပံဌာနနှင့် ပူးတွဲသုတေသနပြုလုပ်သည့်အဖွဲ့ကို ပူးတွဲညှိနှိုင်းရေးကော်မတီ(ဂျေစီစီ)ဟုခေါ်ပြီး လူ့အသက်ဘေးအန္တရာယ်ကို ခြိမ်းခြောက်နေသည့် လျှင်လှုပ်မှု၊ မီးတောင်ပေါက်ကွဲမှု၏ အကျိုးဆက်များ လျော့ပါးရေးအတွက် သိပ္ပံပညာကိုသင့်လျော်သလို အသုံးပြုမည်ဟု ဟာရီက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယဗိမ်ခံရထားခရီးစဉ် ကိုလ်ကတ္တားဘူတာမှစတင်

မွမ်ဘိုင်း မတ် ၂၃

အိန္ဒိယနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသည်များအတွက်ရည်ရွယ်သော မဟာရာဇာအမြန်ရထား၏ ပထမဆုံးခရီးစဉ်ကို မတ်၂၀ ရက် နံနက်က စတင်ပြေးဆွဲကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

အဆိုပါဗိမ်ခံရထားခရီးစဉ်စတင်သည့် အခမ်းအနားကို ကိုလ်ကတ္တားဘူတာ၌ အိန္ဒိယရထားလုပ်ငန်းဝန်ကြီး ဘနားဂျီးက ထိုနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ဖွင့်လှစ်ပေးလိုက်သည်။

ကမ္ဘာလှည့်ခရီးသည်များအတွက် အဓိကရည်ရွယ်သည့် ဗိမ်ခံရထားသည် နယူးဒေလီအထိ ပြေးဆွဲမည်ဖြစ်သည်။ လမ်းတွင် ခြောက်ဘူတာ၌သာ ရပ်နားမည်ဟုသိရသည်။ အိန္ဒိယနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ဤခရီးစဉ်က မြှင့်တင်ပေးနိုင်မည်ဟု မျှော်မှန်းထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လေကြောင်းပျံသန်းရေး သဘောတူညီချက် ဂျော်ဒန်နှင့်ဥရောပသမဂ္ဂ လက်မှတ်ရေးထိုး

အမ္မန် မတ် ၂၃

ဂျော်ဒန်နိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်(အီးယူ)နိုင်ငံများအကြား လေကြောင်းပို့ဆောင်ရေးဆိုင်ရာ ပြည့်စုံလုံလောက်သည့် သဘောတူညီချက်တစ်ရပ်ကို ဂျော်ဒန်နှင့်အီးယူတို့ မတ်၂၁ရက်တွင် လက်မှတ်ရေးထိုးကြသည်။

ဥရောပ-မြေထဲပင်လယ်ဒေသဆိုင်ရာ လေကြောင်းပျံသန်းရေးသဘောတူညီချက်အရ နှစ်ဦးနှစ်ဖက်လေကြောင်းလိုင်းများကို အကန့်အသတ်အချုပ်အချယ်မရှိ ပြေးဆွဲပျံသန်းခွင့်ပြုမည်ဖြစ်ကြောင်း ဂျော်ဒန်သယ်ယူပို့ဆောင်ရေးဝန်ကြီးဘာတေနီက သတင်းထောက်များအား ပြောကြားသည်။

ယင်း သဘောတူညီချက်ကြောင့် ဂျော်ဒန်နှင့်အီးယူနိုင်ငံများအကြား နှစ်ဦးနှစ်ဖက်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဆောင်ရွက်မှုများ တိုးတက်လာနိုင်ပြီး ကမ္ဘာလှည့်ခရီးသည်ဦးရေ ပိုမိုများပြားလာနိုင်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံမြောက်ဘက် အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ရထားဥမင်လမ်းပြိုကျမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို မတ်၂၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တောင်ကိုရီးယား အရာရှိများ မြောက်ကိုရီးယားသို့ သွားရောက်မည်

ဆိုးလ် မတ် ၂၃

တောင်ကိုရီးယား ဟွန်ဒိုင်းအေဆန်ကော်ပိုရေးရှင်းနှင့် တောင်ကိုရီးယားနိုင်ငံပိုင် ကိုရီးယားခရီးသွားလုပ်ငန်းအဖွဲ့(ကေတီအို)အရာရှိများသည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (ဒီပီအာရ်ကေ)သို့ ယခုရက်သတ္တပတ်တွင် သွားရောက်ကြမည် ဖြစ်ကြောင်း တောင်ကိုရီးယား သတင်းဌာနက မတ် ၂၂ရက်၌ ဖော်ပြသည်။

ခြိမ်းခြောက်

ယင်းခရီးစဉ်သည် ဒီပီအာရ်ကေ၏ ခြိမ်းခြောက်မှုကြောင့် သွားရောက်ရန် စီစဉ်ခြင်းဖြစ်သည်ဟု ဆိုသည်။ ဒီပီအာရ်ကေ မောင့်ကမ်ဂမ် အပန်းဖြေစခန်းရှိ တောင်ကိုရီးယား၏ မြေနေရာကို သိမ်းပိုက်ရန် ခြိမ်းခြောက်ခဲ့သည်။

အဆိုပါအပန်းဖြေစခန်း၌ ကေတီအိုပိုင်ဆိုင်သည့်ပစ္စည်းများမှာ အမေရိကန်ဒေါ်လာ ၇၉၁သန်း ၂သန်းဖိုးရှိကြောင်း ယွန်ဟက်သတင်းဌာနက ဖော်ပြသည်။

(အင်တာနက်)

၂၀၀၉ခုနှစ်အတွင်း အကြမ်းဖက်မှုကြောင့် ပါကစ္စတန်ပြည်သူ ၃၀၀၀ကျော် အသက်ဆုံးရှုံးခဲ့ရ

အစ္စလမ္မာဘတ် မတ် ၂၃

ပါကစ္စတန်နိုင်ငံအနှံ့အပြား၌ ၂၀၀၉ခုနှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု ၂၅၈၆မှု ဖြစ်ပွားခဲ့ပြီး ပြည်သူ ၃၀၂၁ဦး ထက်မနည်း သေဆုံးကာ ၇၃၃၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်လူ့အခွင့်အရေးကော်မရှင်က မတ် ၂၂ရက်၌ ထုတ်ပြန်ကြေညာသည်။

သေဆုံး

သေဆုံးသူများအနက် ၁၂၉၆ဦးမှာ အသေခံဗုံးဖောက်ခွဲမှုဖြစ်စဉ် ၁၀၈ခုအတွင်း သေဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။

ဖော်ပြ

ပါကစ္စတန်နိုင်ငံ ဘလူချစ္စတန်ပြည်နယ်သည် အာဖဂန်နယ်စပ်၌ရှိပြီး အကြမ်းဖက်မှုနှင့် မြေမြှုပ်ဗုံးအန္တရာယ်ကို အများဆုံးရင်ဆိုင်ရသော ပြည်နယ်တစ်ခုဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပေါက်ကွဲမှုဖြစ်ပွား

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၂၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဖက်ရှင် အလှမယ်တစ်ဦး

ကာဂျစ္စတန်နိုင်ငံ ဘီရှက်မြို့၌ ကျင်းပသည့် ဖက်ရှင်ပြပွဲတွင် ကာဂျစ္စတန်အလှမယ် တစ်ဦး ယှဉ်ပြိုင် နေဟန်ကို မတ် ၂၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရန် ထုတ်ကုန်ပစ္စည်းများ အာဖဂန်နစ္စတန်သို့ တိုးမြှင့်တင်ပို့နိုင်

တီဟီရန် မတ် ၂၃

အီရန်နိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ ယမန်နှစ်ပထမကိုးလအတွင်း တင်ပို့သည့် ပို့ကုန်ပမာဏသည် ၅၀ရာခိုင်နှုန်းတိုးမြှင့်ခဲ့ကြောင်း အီရန်နိုင်ငံ စာရင်းအင်းရုံး၏မှတ်တမ်းများ၌ ဖော်ပြသည်။

ပိုမိုမြင့်တက်

ယမန်နှစ်ပထမရှစ်လအတွင်း အီရန်ကုမ္ပဏီများက အိမ်နီးချင်းအာဖဂန်နစ္စတန်နိုင်ငံသို့ တင်ပို့သည့် ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း၆၀၀ကျော်ရှိပြီး ယခင်နှစ်အလားတူကာလက ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း၄၀၀သာရှိသဖြင့် ပိုမိုမြင့်တက်လာသည်ကို တွေ့ရသည်။

ခင်းကျင်းပြသ

အီရန်ကုမ္ပဏီ ၃၀ခန့်က ၄င်းတို့၏ ထုတ်ကုန်များဖြစ်သည့် အစားအစာ၊ ကြွေချွတ်ဆေး၊ ဆောက်လုပ်ရေးပစ္စည်း အစိတ်အပိုင်းများနှင့် ဆေးဝါးပစ္စည်းများကို အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ခင်းကျင်းပြသလျက်ရှိကြောင်း ကဘူးလ်မြို့ရှိ အီရန်စီးပွားရေးသံမှူး မိုဂျာလာအလီက ပြောကြားသည်။ **(အင်တာနက်)**

ဆိုမာလီဓားပြဟု မသင်္ကာသူ ၁၁ဦး ကင်ညာအစိုးရဖမ်းဆီး

မွမ်ဘာဆာ မတ် ၂၃

ကင်ညာနိုင်ငံ လာမုဆိပ်ကမ်းမြို့တည်ရှိရာ ကင်ညာရေပိုင်နက်အတွင်း ဆိုမာလီဓားပြဟု မသင်္ကာသူ ၁၁ဦးကို ကင်ညာအစိုးရက မတ် ၂၁ရက်၌ ဖမ်းဆီးလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပေးဆောင်

၄င်းတို့သည် ကင်ညာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ပြီး ပြစ်မှုထင်ရှားပါက ဒဏ်ငွေအဖြစ် ကင်ညာငွေကြေး ရှယ်လင် ၂၀၀၀၀(အမေရိကန်ဒေါ်လာ ၂၆၆ဒေါ်လာ)ပေးဆောင်ရမည် (သို့မဟုတ်) ထောင်ဒဏ်သုံးလ ကျခံရမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အာဖဂန်သမ္မတ တရုတ်သို့ အလည်အပတ်ရောက်ရှိ

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းသည် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန်အတွက် အလည်အပတ်ခရီးအဖြစ် တရုတ်နိုင်ငံသို့ မတ် ၂၃ရက်၌ ရောက်ရှိလာကြောင်း၊ တရုတ်ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

အပိုင်စီးခံရသည့် အီရန်ငါးဖမ်းသင်္ဘော ပြန်လွတ်လာ

ဆိုမာလီနိုင်ငံကမ်းလွန်တွင် မကြာမီက အပိုင်စီးခံခဲ့ရသော အီရန်ငါးဖမ်းသင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက မတ် ၂၃ရက်၌ ပြန်လွှတ်ပေးလိုက်ကြောင်း၊ သင်္ဘောသား ၁၃ဦးလည်း ပြန်လည်လိုက်ပါလာကြောင်း အီရန်အရာရှိများက ပြောကြားသည်။

ဖိလစ်ပိုင် လာဂေါ့မြို့အနီး၌ လျှော့လှုပ်

ဖိလစ်ပိုင်နိုင်ငံ လူဇုန်ဒေသရှိ လာဂေါ့မြို့အနီးတွင် မတ် ၂၃ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ ၁အဆင့်ရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ ထို့အပြင် ငလျင်ငယ်သုံးကြိမ်ထပ်မံလှုပ်သွားခဲ့ကြောင်း ဖိလစ်ပိုင်မိုးလေဝသအရာရှိများက သတင်းထုတ်ပြန်သည်။

ရုရှားမှဂျုံများ ကျူးဘားသို့ ပေးပို့လှူဒါန်း

ကျူးဘားနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် ရုရှားနိုင်ငံက ဂျုံတန်ချိန် ၂၅ဒသမ ၅တန်ကို ကျူးဘားနိုင်ငံသို့ မတ် ၂၃ရက်တွင် ပေးပို့လှူဒါန်းလိုက်ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

နယူးဇီလန်နှင့်တရုတ် လွတ်လပ်စွာကုန်သွယ်မည်

နယူးဇီလန်နှင့်တရုတ် နှစ်နိုင်ငံတို့သည် မတ်၂၈ရက်မှစတင်ကာ လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အီရန် ကာရက်မြို့၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား

အီရန်နိုင်ငံအလယ်ပိုင်း ကာရက်မြို့ရှိ ဓာတုဗေဒလုပ်ငန်းအဆောက်အအုံတစ်ခုတွင် မတ် ၂၃ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးဒဏ်ရာရရှိပြီး အဆောက်အအုံအစိတ်အပိုင်းများ ပျက်စီးသွားကြောင်း အီရန်မီးသတ်တပ်ဖွဲ့အရာရှိများက ပြောကြားသည်။ (အောက်ပုံ)



ကွန်ဂိုသမ္မတ တောင်ကိုရီးယားသို့ အလည်လာမည်

ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံ သမ္မတကာဘီလာသည် လာမည့်သီတင်းပတ်တွင် တောင်ကိုရီးယားနိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိမည်ဖြစ်ကြောင်း၊ ခရီးစဉ်အတွင်း နှစ်နိုင်ငံ သဘာဝအရင်းအမြစ်များနှင့် စွမ်းအင်ကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက မတ်၂၃ရက်၌ ပြောကြားသည်။

ပစ်ခတ်ခံရမှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ပါလက်စတိုင်းရှိ ဂါဇာကမ်းမြောင်ဒေသမှ တိုက်ခိုက်ရေးသမားများက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦး မတ်၂၃ရက်၌ သေဆုံးသွားကြောင်း အစ္စရေးစစ်ဘက်အရာရှိများက ပြောကြားသည်။

ကနေဒါ ဗန်ကူးဗားမြို့၌ တရုတ်ကုန်စည်ပြပွဲကျင်းပ

ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့၌ တရုတ်ကုန်စည်ပြပွဲကို မတ်၂၂ရက်မှစတင်ကာ ရှစ်ရက်ကြာခင်းကျင်းပြသလျက်ရှိကြောင်း၊ ယင်းကုန်စည်ပြပွဲသို့ အခြားနိုင်ငံပေါင်း ၄၀ခန့်ကလည်း ပူးပေါင်းပြသခဲ့ကြကြောင်း ကနေဒါအရာရှိများက မတ် ၂၃ ရက်၌ ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများ ကျဆင်းလျက်ရှိရာ အမေရိကန်နိုင်ငံ နယူးယောက်မြို့ ရွှေဈေးကွက်၌ မတ် ၂၃ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၉၃ဒသမ၅ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း အမေရိကန်ရွှေလုပ်ငန်းရှင်များက သတင်းထုတ်ပြန်သည်။

(အင်တာနက်)

ဗဟန်း၌ တီဘီရောဂါအကြောင်းဟောပြော၊ ဝေဒနာရှင်များအား ထောက်ပံ့ပေးအပ်

ရန်ကုန် မတ် ၂၃

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော တီဘီရောဂါအကြောင်း ဟောပြောပွဲနှင့် ဝေဒနာရှင်များအား ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မတ် ၂၂ရက် နံနက် ၁၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ဗဟန်းမြို့နယ်ကျန်းမာရေးမှူး ဒေါက်တာနီနီသော်က တီဘီရောဂါအကြောင်း ဟောပြောသည်။

ထောက်ပံ့

ဆက်လက်၍ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက ဝေဒနာရှင် ၆၀တို့အား တစ်ဦးချင်း ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မင်္ဂလာဒုံ တပ်မတော်ကလေးများကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော မင်္ဂလာဒုံ တပ်မတော်ကလေးများကျောင်း (ယခု အထက-၁၊ အထက-၅) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက-၅ မင်္ဂလာဒုံ မြတ်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးအောင်ရွှေ ဖုန်း-၆၂၀၅၅၁၊ ဦးခင်မောင်ရင် ဖုန်း-၀၉-၅၁၁၆၁၄၉၊ ဦးမြမင်း ဖုန်း-၀၉-၅၁-၀၀၉၉၂၊ ဦးအေးကို ဖုန်း-၆၀၀၀၉၁၊ ဦးဂျိုးဇက် ဖုန်း-၆၁၆၇၈၄၊ ဦးမောင် မောင်ကြီး ဖုန်း-၀၉-၈၅၈၆၄၅၇၊ ဗိုလ်မှူးဒေါ်ကြင်စန်း(ငြိမ်း) ဖုန်း-၅၆၁၇၄၁၊ ဒေါ်မြင့်မြင့်ရွှေ ဖုန်း-၅၅၅၈၄၂၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၆၁၇၂၀၉၊ ဗိုလ်မှူးအုန်းသောင်(ငြိမ်း) ဖုန်း-၆၁၆၈၈၂ နှင့် ဦးစိုးမြင့် ဖုန်း-၀၉-၅၀၆၁၂၂၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဖွံ့ဖြိုးရေးသိပ္ပံတက္ကသိုလ် မြတ်ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၃

စတုတ္ထအကြိမ်မြောက် ဖွံ့ဖြိုးရေးသိပ္ပံတက္ကသိုလ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို မတ် ၂၈ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီမှ ၆နာရီအထိ ရန်ကုန်မြို့ Hotel Yangon ၌ ကျင်းပမည်ဖြစ်ပါသဖြင့် အသက်(၆၀) ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းဆင်းညီအစ်ကို မောင်နှမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအတွက် မဟာအောင်မြေဘုံသာ (ရှမ်းကျောင်း) ဇမိုင်တွင် တည်းခိုရန်စီစဉ်ထားပါကြောင်းနှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးအောင်ကျော်မြ ဖုန်း-၅၆၃၆၆၇၊ ဒေါ်သန်းသန်းမြင့် ဖုန်း-၅၇၈၆၇၂၊ ဒေါ်ခင်မိုးကြိုင် ဖုန်း-၀၉-၅၀၃၃၀၈၃၊ ဦးကြီးမောင်မောင်ကျော် ဖုန်း-၅၃၅၈၈၉ နှင့် ဒေါ်လှသန္တာ ဖုန်း- ၅၄၅၅၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးဝေသည့် ရေစက်ရုံများ ကောင်းမွန်စွာဆောင်ရွက်ထားရှိမှုအခြေအနေကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးသန်းက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သုံးသီး သီးထပ်စိုက်ပျိုးသရုပ်ပြရှင်းလင်းပွဲ လှိုင်ကော်မြို့ ကုန်းသာကျေးရွာ၌ကျင်းပ

သီးထပ်ရင်စပါးနှင့် ကုလားပဲ စမ်းသပ်စိုက်ပျိုး

လှိုင်ကော် မတ် ၂၃

ကယားပြည်နယ် သုံးသီး သီးထပ်စိုက်ပျိုးခြင်း သရုပ်ပြရှင်းလင်းပွဲအခမ်းအနားကို မတ် ၁ရက် နံနက် ၉နာရီက လှိုင်ကော်မြို့ ကုန်းသာကျေးရွာရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ယာယီရှင်းလင်းဆောင်၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ ကယားပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးခင်မောင်လတ်က သုံးသီးသီးထပ်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်လက်ထောက်မန်နေဂျာ ဦးအောင်နိုင်က ရေဆင်းလေးကုလားပဲ စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်မြေအသုံးချတာဝန်ခံ ဒေါ်စန်းစန်းနွယ်က သဘာဝမြေဩဇာ စနစ်တကျသုံးစွဲရေးကိုရှင်းလင်းပြီး ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ပြည်နယ်အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် တောင်သူများသည် အမှတ်(၁၁၆)တွင် စိုက်ပျိုးထားသော သီးထပ်ရင်စပါးပျိုးထောင်ထားမှုနှင့် ရေဆင်းလေးကုလားပဲ စမ်းသပ်စိုက်ပျိုးထားရှိမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

ဘဝကြေးမုံစာကြည့်တိုက်အဆောက်အအုံသစ် ကလေးဝမြို့နယ် ခုန်ကြီးကျေးရွာ၌ဖွင့်

ကလေးဝ မတ် ၂၃

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးဝမြို့နယ် ခုန်ကြီးကျေးရွာတွင် နိုင်ငံတော်မတည်ထောက်ပံ့ငွေဖြင့် ကျေးရွာပြည်သူများ စုပေါင်းဆောက်လုပ်ခဲ့သော စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါအဆောက်အအုံသစ်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဇော်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ ရန်ပုံငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းကြရာ ရန်ပုံငွေကျပ် ၃၅၀၀၀နှင့် ငွေကျပ် ၅၀၀၀၀တန်ဖိုးရှိ စာအုပ်စာစောင် ၁၅၀တို့ကို စာကြည့်တိုက်ကော်မတီထံ ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

(၆၅)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု ခနောင်တိုဆိပ်ခံဗောတံတားသစ်ဖွင့်

ရန်ကုန် မတ် ၂၃

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ခနောင်တိုဆိပ်ခံဗောတံတားသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ရက် နံနက်က ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်ချီးမြှင့်သည်။

ဖွင့်ပွဲတက်ရောက်

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတစ်ခုဖြစ်သည့် ခနောင်တို ဆိပ်ခံဗောတံတားသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကာ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အထွေထွေမန်နေဂျာ ဗိုလ်မှူးမောင်မောင်လွင်က ဆိပ်ခံဗောတံတား တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြ၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောညီညီထွေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဗိုလ်မှူးကြီးမောင်ပါ၊ အထွေထွေမန်နေဂျာဗိုလ်မှူးမောင်မောင်လွင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးစောညီညီထွေးတို့ **(အပေါ်ပုံ)**က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက သင်္ဘောဆိပ်ကမ်း ကွန်ကရစ်ခင်းကျင်းနိုင်ရန်အတွက် ဘိလပ်မြေအိတ် ၂၅၀ ပေးအပ်လှူဒါန်းရာ ဆိပ်ခံတံတားထိန်းသိမ်းရေးကော်မတီဝင်များက လက်ခံယူသည်။

စိမ်းလန်းစိုပြည်ရေး

ထို့နောက် ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် သင်္ဘောဆိပ်လမ်းပေ ၃၀၀၊ အကျယ် ၁၀ပေ၊ လမ်းဘေးအုတ်ပေါင်စီခြင်း၊ သဲထည့်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဆိပ်ခံဗောတံတားပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးရေး၊ ရေရှည်တည်တံ့ရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မွင့်လင်းရာသီကာလအတွင်း လုပ်ငန်းများ ပြီးစီးရေးတို့ကို မှာကြားသည်။

(မြို့နယ်စည်ပင်)

✻ *ကျော့ဖုံးမှ*

အမေရိကန်ဆေးသိပ္ပံပညာရှင်များက အသားစားသုံးသူ ၁ဒသမ ၂သန်းခန့်အား အကြိမ် (၂၀) သုတေသနပြုခဲ့ပြီး ယခုကဲ့သို့ သတိပေးပြောကြားခဲ့ခြင်းဖြစ်သည်။ //

ထူးခြားသည့် နေ့အပူချိန်များ

၂၃-၃-၂၀၁၀

ချောက်မြို့	၄၁ ဒီဂရီစင်တီဂရိတ်
နေပြည်တော်(ရေဆင်း)	၄၀ ဒီဂရီစင်တီဂရိတ်
နေပြည်တော်(ပျဉ်းမနား)	၄၀ ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၀ ဒီဂရီစင်တီဂရိတ်

ဟသ်ာတအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၃

ဟသ်ာတအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးရပုဂ္ဂိုလ်များအား ဂုဏ်ပြု ချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၅လမ်း(အထက်) အမှတ် ၁၈၄-၁၈၆ ရှိ ဟသ်ာတအသင်း တိုက်၌ ကျင်းပမည်ဖြစ်သည်။ သက်ကြီးပူဇော်ပွဲအတွက် အသင်းဝင်မိသားစုများထဲမှ အသက်(၈၀)အထက် မိဘများ စာရင်းကိုလည်းကောင်း၊ ပညာရည်ချွန်ဆုပေးပွဲအတွက် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် အသင်းဝင်များ၏ ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် သားသမီးများသည် မိမိတို့ရရှိသည့် အမှတ်စာရင်းမိတ္တူများကို လည်းကောင်း၊ ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်အတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များက အမည်စာရင်းများကို လည်းကောင်း၊ ဦးတင်ရှိန် ဖုန်း-၀၉-၅၀၂၀၇၁၉၊ ဦးလှကြည် ဖုန်း-၀၁-၅၃၄၅- ၄၈၊ ဒေါက်တာအောင်ဝင်းမောင် ဖုန်း-၀၉-၅၀၀၅၃၃၇၊ ဒေါ်ညွန့်ညွန့် ဖုန်း-၀၁-၂၄၅၃၉၅နှင့် ဦးစံလှ ဖုန်း-၀၉-၅၀၈၅၂၀၇ တို့သို့ မတ် ၂၉ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ကြရန် နိုးဆော်ထားသည်။

(သတင်းစဉ်)

ရခိုင်သဟာယအသင်း(ရန်ကုန်) မိတ်ဆုံအပန်းဖြေသင်္ဘောခရီးထွက်မည်

ရန်ကုန် မတ် ၂၃

ရခိုင်သဟာယအသင်း(ရန်ကုန်)သည် နှစ်စဉ် ဆောင်ရွက်လျက်ရှိသော ဒေသန္တရ လေ့လာရေးအပန်းဖြေခရီးစဉ်ကို ယခုနှစ်တွင် ပြည်တွင်းရေကြောင်းမှ သုံးထပ်သင်္ဘောကြီးဖြင့် မတ် ၂၇ရက်(စနေနေ့) နံနက် ၆နာရီခွဲတွင် လမ်းသစ်ဆိပ်ခံဗောတံတားမှ မအူပင်သို့ နေ့ချင်းပြန်ခရီးသွားရောက်မည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

သင်္ဘောပေါ်တွင် ဖျော်ဖြေရေး အစီအစဉ်များပါရှိပြီး ရခိုင်ရိုးရာ စားသောက်ဖွယ်ရာများ ရောင်းချပေးမည်ဖြစ်ရာ လိုက်ပါလိုသူ ရခိုင်နွယ်ဖွားများနှင့် မိတ်ဆွေအပေါင်း အသင်းများသည် ဦးခင်မောင်စိုး ဖုန်း- ၅၅၂၁၂၆၊ ဦးမျိုးဆွေ ဖုန်း- ၀၉-၅၀၀၁၁၈၀၊ ဦးကျော်ရင် ဖုန်း-၃၇၆၈၄၈၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁၄၀၄၀၇၊ ဦးဘိုးတင် ဖုန်း-၂၉၀၃၅၅၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀၀၆၈၂၀၊ ဦးထွန်းနိုင် ဖုန်း-၀၉-၈၅၁၀-၄၀၀၊ ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀၆၄၆၅၃၊ ဦးသာမြကျော် ဖုန်း-၅၅၆၂၂၁၊ ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁၃၉၇၉၀နှင့် အသင်းရုံးခန်း ဖုန်း-၄၃၀၁၇၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

Myanmar International ရုပ်သံလိုင်း မတ် ၃၁ရက်မှ စတင်၍ ပုံမှန်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက လက်ရှိထုတ်လွှင့်လျက်ရှိသော MRTV-3 အစီအစဉ်များကို အသွင်သဏ္ဌာန် သာမက အနှစ်သာရပါပြောင်းလဲကာ Myanmar International ရုပ်သံလိုင်းအဖြစ် ထုတ်လွှင့်နိုင်ရေးအတွက် ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်မှစတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

ပြသသွားမည်

Myanmar International ရုပ်သံလိုင်းအဖြစ် ပုံမှန်ထုတ်လွှင့်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းများကို ပြင်ဆင်ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ၂၀၁၀ခုနှစ် မတ် ၃၁ရက်မှစတင်၍ ပုံမှန်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ Myanmar International ရုပ်သံလိုင်းတွင် နိုင်ငံတကာသတင်းနှင့် ပြည်တွင်းသတင်းများအပြင် အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြောင်းလဲတင်ဆက်ထားသည့် Documentary, Current Affairs အစီအစဉ်များ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ အင်္ဂလိပ်စာတန်းထိုး မြန်မာရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားကောင်းများကိုပါ ထည့်သွင်းထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကမ္ဘာတစ်ဝန်းလွှမ်းခြုံထုတ်လွှင့်

Myanmar International ရုပ်သံအစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်သည့်ဒေသများမှာ မြောက်အမေရိက ဒေသ၊ ဥရောပဒေသ၊ သြစတြေးလျနှင့် နယူးဇီလန်ဒေသ၊ တရုတ်နှင့် အိန္ဒိယဒေသ၊ အင်ဒိုချိုင်းနားဒေသတို့ဖြစ်ပြီး နိုင်ငံတကာပရိသတ်များအနေဖြင့် ၂၄နာရီပတ်လုံး ကြည့်ရှုနိုင်စေရေးအတွက် ကမ္ဘာတစ်ဝန်းလွှမ်းခြုံထုတ်လွှင့်နိုင်ရန် စီစဉ်ထားရှိသည့်အပြင် ပြည်တွင်း၌လည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များအပြီးတွင် နေ့စဉ် နံနက် ၉နာရီမှ ၁၁နာရီအထိ ဆက်လက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

Myanmar International ရုပ်သံလိုင်း စတင်ထုတ်လွှင့်ခြင်း အထိမ်းအမှတ်အခမ်းအနားကို မတ် ၃၁ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနား ကျင်းပပုံများကို Myanmar International ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်းနှင့် ဖမ်းယူကြည့်ရှုနိုင်သည့် PARAMETER များမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သတင်းရရှိသည်-

TECHNICAL PARAMETERS FOR MYANMAR INTERNATIONAL

Satellite	Thaicom-5 (ASIA)	Hot Bird-8 (Europe)	Galaxy-19 (North America)
Location/Orbital Slot	78.5 E	13 E	97 W
DOWNLINK FREQUENCY	3574.1 MHz (C-Band)	10.971 GHz (KU-Band)	11.966 GHz (KU-Band)
SYMBOL RATE	7.492 MSym/sec	27.5 MSym/sec	22 MSym/sec
POLARIZATION	Horizontal	Horizontal	Horizontal
FEC	2/3	3/4	3/4

Satellite	Apstar - V (ASIA Beam)	Optus D2 (NANAZ Beam)
Location/Orbital Slot	138˚ E	152˚ E
DOWNLINK FREQUENCY	12.3778 GHz (KU - Band)	12.608 GHz (KU - Band)
SYMBOL RATE	2.222 MSym/sec	22.5 MSym/sec
POLARIZATION	Horizontal	Horizontal
FEC	3/4	3/4

(သတင်းစဉ်)

Coolmist Water Cooling Fan ဖြန့်ချိ

ရန်ကုန် မတ် ၂၃

Coolmist သည် ရေမှုန်ဖျန်းနည်းစနစ် (Misting System)ကို အသုံးပြု၍ ရေကိုအလွန်သေးငယ်သော ရေမှုန်များ (10-micron)အဖြစ်သို့ ပြောင်းလဲပြီး အစိုဓာတ်လုံးဝမရှိဘဲ အပူချိန်ကို သဘာဝအလျောက် လျော့ကျသွားအောင် ပြုလုပ်ပေးသည့် Water Cooling Fan ဖြစ်သည်။

သန့်စင်လေရှူရှိုက်နိုင်မည်

Coolmist ကို သုံးစွဲခြင်းကြောင့် ပူပြင်းသည့် ရာသီဥတုတွင် အအေးခန်း Airconditioned Room အတွင်း မဟုတ်သည့် ပြင်ပတွင် သက်သာအေးချမ်းစွာ နေနိုင်မည်ဖြစ်သည်။ ထို့ပြင် လေထုထဲရှိ ဖုန်မှုန့်များကို ရေမှုန်များဖြင့် ဖယ်ရှားပေးပြီး သန့်စင်သောလေကို ရှူရှိုက်နိုင်မည်ဖြစ်သည်။

Coolmist သည် လေထဲရှိ ဆေးလိပ်ငွေ့များ၊ ညှော်နံ့များစသည့် ဆိုးရွားသည့် အနံ့အသက်များကို ရေမှုန်များဖြင့် ဖယ်ရှားပေးပြီး အေးမြ၍သန့်ရှင်းသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

အချင်း ၃၁လက်မရှိ Coolmist Water Cooling Stand Fan တွင် Aluminium Blades နှင့် High Pressure Pump နှင့်အတူ Connections နှင့် Switches များ ပါရှိသည်။

အချင်း ၂၆ လက်မရှိ Coolmist Water Cooling Stand Fan တွင် High Pressure Pump နှင့်အတူ Connections နှင့် Switches များ ပါရှိသည်။ အချင်း ၂၄လက်မရှိ Coolmist Water Cooling Wall Mounted Fan တွင် High Pressure Pump နှင့်အတူ Connections နှင့် Switches များပါရှိသည်။

အသုံးပြုနိုင်

Coolmist သည် မူလရှိသည့် အပူချိန်မှ 10˚C အထိ လျှော့ချနိုင်ခြင်းကြောင့် စားသောက်ဆိုင်များ၊ ညှော့ခံပွဲများ၊ Stageshow များ၊ စက်ရုံများ၊ အားကစားရုံများ၊ လူထုအစည်းအဝေးများ၊ ကုန်စည်ပြပွဲများနှင့် ပင်လယ်ကမ်းခြေများတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

Coolmist ဝယ်ယူပါက တပ်ဆင်မည့်နေရာနှင့် သင့်တော်မည့် စက်ပစ္စည်းများကို လေ့လာအကြံပြုပြီး လိုက်လံတပ်ဆင်ပေးမည်ဖြစ်သည်။ အလှူမင်္ဂလာပွဲ၊ အစည်းအဝေးနှင့် Stageshow တို့တွင် အချိန်ပိုင်း အသုံးပြုလိုသူများအတွက် ငှားရမ်းတပ်ဆင်ပေးမည်ဖြစ်သည်။ ထို့အပြင် ဝယ်ယူငှားရမ်းသုံးစွဲသူများအတွက် After Sale Service ထားရှိပြီး ဝန်ဆောင်မှုပေးလျက်ရှိသည်။

Coolmist ဝယ်ယူတပ်ဆင်လိုသူများသည် Lin Technical Services အမှတ် ၉၀ ဆရာစံလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၃၀၅၄၊ ၄၄၁၂၂၇၀ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

(၆၅)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြု

ရေကြောင်းအတတ်ပညာရှင်များမွေးထုတ်ပေးရာ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီလဝါရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အဆောက်အအုံကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ပညာရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၉	တိုးတက်မှု
၁	**အခြေခံပညာကျောင်း**			
	- အထက်တန်း	၇၂၂	၂၂၁၉	၁၄၉၇
	- အလယ်တန်း	၁၆၉၆	၂၈၉၃	၁၁၉၇
	- မူလတန်း	၃၁၃၂၉	၃၅၆၁၁	၄၂၈၂
	- မာလ်တီမီဒီယာစာသင်ခန်း	-	၂၂၇၂	၂၂၇၂
	- မူကြိုပညာရေး	-	၂၀၅၉	၂၀၅၉
၂	**ဆရာအတတ်သင်ပညာရေး**			
	- ပညာရေးကောလိပ်	-	၂၀	၂၀
၃	**အဆင့်မြင့်ပညာ**			
	- တက္ကသိုလ်/ကောလိပ်/ ဒီဂရီကောလိပ်	၂၇	၆၄	၃၇
	- လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန	-	၄၄	၄၄
၄	**သိပ္ပံနှင့်နည်းပညာ**			
	- နည်းပညာတက္ကသိုလ်	၁	၃၀	၂၉
	- နည်းပညာကောလိပ်	-	၄	၄
	- ကွန်ပျူတာတက္ကသိုလ်	၁	၂၆	၂၅
	- မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်	-	၁	၁
၅	မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်	-	၁	၁
၆	အခြားဝန်ကြီးဌာနများရှိ တက္ကသိုလ်/ကောလိပ်	၁	၂၂	၂၁

နည်းပညာတက္ကသိုလ်(လားရှိုး)

ခေတ်မီ နည်းပညာများ သင်ကြား ပို့ချလျက်ရှိသော ရှမ်းပြည်နယ် (မြောက်ပိုင်း) နည်းပညာတက္ကသိုလ်(လားရှိုး)ကို ဤသို့တည်ဆောက်ဖွင့်လှစ်ပေးထားသည်။(မြန်မာ့အလင်း)

လှိုင်ကော်တက္ကသိုလ်

ကယားပြည်နယ်လှိုင်ကော် တက္ကသိုလ်ကြီးတွင် ပညာတတ် တိုင်းရင်းသားလူငယ်မောင်မယ်များကို မွေးထုတ်ပေးလျက်ရှိသည်။ (မြန်မာ့အလင်း)

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသော ရခိုင်ပြည်နယ် ကျောက်ဖြူပညာရေးကောလိပ်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

(၆၅)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

သစ္စာလေးချက် ဦးထိပ်ရွက်တာ တပ်မတော်ပါ

ရာဇကျော်



မကြာမီ ကျရောက်တော့မည့် မတ်လ ၂၇ရက်နေ့သည် မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်ကြီးများထဲမှ တစ်ခုအပါအဝင် ဖြစ်သည့် "တပ်မတော်နေ့"ပင်ဖြစ်သည်။ နိုင်ငံ၏ တပ်မတော်ဆိုသည်မှာ ပြည်သူလူထု၏ မှီခိုအားထားရာဖြစ်ခြင်း၊ အင်အားအခိုင်အမာရှိခြင်း၊ တော်တည့်ဖြောင့်မှန်သော သဘောရှိခြင်း စသည့် အရည်အချင်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံ့အကျိုးပြု မျိုးချစ်အင်အားစု အဖွဲ့အစည်းကြီးပင် ဖြစ်သည်။

"ရေမြင့်မှ ကြာတင့်သည်"ဆိုသည့် စကားအတိုင်း ခိုင်မာတောင့်တင်းသော တပ်မတော်ရှိမှ တိုင်းရင်းသားပြည်သူတို့၏ဘဝလည်း လုံခြုံအေးချမ်းတည်ငြိမ်မှု ရှိမည်ဖြစ်သည်။ အနီးကပ်ဆုံး သမိုင်းသာဓကတစ်ခုကို ထောက်ပြရသော် ၁၉၈၈ ခုနှစ် ဆူပူမှု အရေးအခင်းကြီးပင်ဖြစ်သည်။ ထိုအချိန်က တပ်မတော်အင်အား ပြိုကွဲနေခဲ့သော် တိုင်းပြည်ပျက်သုဉ်းသွားမည်မှာ မလွဲဧကန်ပင် ဖြစ်သည်....။ တိုင်းပြည်သည် မင်းမဲ့စရိုက်များ ဖုံးလွှမ်းပြီး တိုင်းတစ်ပါး၏ ကျွန်ပြုခြင်းကို ထပ်မံခံရဦးမည်ဖြစ်သည်။ ထိုအချိန်က တိုင်းရင်းသားပြည်သူများ၏ ဘဝပေါင်းများစွာ၊ အသက်အိုးအိမ်၊ **စည်းစိမ်ပေါင်းများစွာကို အေးချမ်းသာယာအောင် အချိန်မီ ကယ်တင်စောင့်ရှောက်ခဲ့သည်မှာ "တပ်မတော်"ပင် ဖြစ်ပါသည်။**

မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကို ပြန်ကြည့်မည်ဆိုပါက တကောင်း၊ ပျူ၊ ပုဂံခေတ်များမှစ၍ ခေတ်အဆက်ဆက်တွင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် လွတ်လပ်ဝင့်ထည်စွာ နေထိုင်လာခဲ့ကြသည်။ အမြဲတမ်း တပ်မတော် မရှိခဲ့သော်လည်း လိုအပ်လာပါက ပြည်သူ့အားကို ရယူပြီး ပွဲတိုင်းအောင် တပ်တော်ကြီးများကို ဖွဲ့စည်းကာ ဒေသတစ်လွှား ခန့်ညားရှိသေရလောက်အောင် အင်အားတောင့်တင်း ခိုင်မာခဲ့ကြသည်။ သို့သော် ကမ္ဘာပတ်ပြီး နယ်ချဲ့နေကြသည့် ကျားစေဉ်းလဲ နယ်ချဲ့အင်္ဂလိပ်တို့နှင့် ရင်ဆိုင်ရချိန်တွင်မူ စစ်ရှုံးပြီး သူ့ကျွန်ဘဝကျရောက်ခဲ့ရသည့် သင်ခန်းစာကိုလည်း သုံးသပ်တွေ့ရှိနိုင်ပါသည်။ ၁၈၂၄ခုနှစ်တွင် နတ်မြစ်ဝရှိ "ရှင်မဖြူ"ကျွန်း ပိုင်ဆိုင်မှုကို အကြောင်းပြုပြီး အင်္ဂလိပ်-မြန်မာပထမစစ်ပွဲ ဖြစ်ပွားခဲ့သည်။ ဤစစ်ပွဲကို "ရန္တပို" စာချုပ်ဖြင့် အဆုံးသတ်ပြီး ရခိုင်နယ်နှင့် တနင်္သာရီနယ်များကို မြန်မာတို့ ပေးအပ်ခဲ့ရသည်။

၁၈၅၂ ခုနှစ်တွင် ဗြိတိသျှတို့၏ သင်္ဘောကပ္ပတိန်နှစ်ဦးအား ရန်ကုန်မြို့တော်ဝန်က ဒဏ်ရိုက်သည်ကို အကြောင်းပြု၍ နယ်ချဲ့တို့၏ အဓမ္မစစ်ခင်းမှုကြောင့် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ပွားခဲ့ရသည်။ ထိုစစ်ပွဲပြီးဆုံးသည့်အချိန်တွင် မြန်မာနိုင်ငံ၏ အောက်ပိုင်းဒေသများကို အင်္ဂလိပ်တို့အား ပေးအပ်ခဲ့ရသည်။ ၁၈၈၅ခုနှစ် သီပေါမင်းလက်ထက်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲဖြစ်ပွားခဲ့ပြီး မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်သွားတော့သည်။ ထိုအချိန်တွင် နယ်မြေဒေသအသီးသီးရှိ မျိုးချစ်တိုင်းရင်းသားများက ရရာလက်နက်စွဲကိုင်ပြီး အင်္ဂလိပ်ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ ယခုလို စနစ်တကျ ဖွဲ့စည်းထားသော "တပ်မတော်"ဟူ၍ မရှိသေးပေ။

၁၉၃၉ ခုနှစ်တွင် နိုင်ငံရေးစိတ်ဓာတ် နိုးကြားတက်ကြွသော မြန်မာလူငယ်များသည် ပြည်သူ့အရေးတော်ပုံပါတီကို လျှို့ဝှက်စွာ ဖွဲ့စည်းကာ မြန်မာ့လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ၁၉၄၁ခုနှစ်တွင် သခင်အောင်ဆန်း ဦးဆောင်သော မြန်မာလူငယ်သုံးကျိပ်တို့သည် ဟိုင်နန်ကျွန်းနှင့် ဖော်မိုဆာကျွန်းတို့ကို အသုတ်လိုက် တိတ်တဆိတ်ထွက်ခွာပြီး စစ်ပညာသင်ယူခဲ့ကြသည်။ အဆိုပါ လူငယ်များသည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို စတင်ဖွဲ့စည်းခဲ့သည်။ မျက်မှောက်ခေတ် မြန်မာနိုင်ငံတပ်မတော်ကြီး အတွက် စတင်ပဋိသန္ဓေတည်ခဲ့ခြင်းပင် ဖြစ်သည်။

မျိုးချစ်လူငယ်ရဲဘော်သုံးကျိပ် ဦးဆောင်သော BIA တပ်သည် ဂျပန်တပ်နှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကာ ၁၉၄၂ခုနှစ် မတ်လတွင် ရန်ကုန်မြို့ကို အင်္ဂလိပ်တို့လက်မှ ပြန်လည်တိုက်ခိုက်သိမ်းယူနိုင်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် BIA မှ "ဗမာ့ကာကွယ်ရေးတပ်မတော်" BDA သို့ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် BDA မှ "ဗမာအမျိုးသားတပ်မတော်" BNA သို့ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ တပ်မတော်သည် အခြေအနေနှင့် အချိန်အခါကိုလိုက်၍ အမည်နာမ အမျိုးမျိုးပြောင်းလဲခဲ့သော်လည်း တစ်မျိုးသားလုံးအတွက် လွတ်လပ်ရေးကြိုးပမ်းမှုနှင့် နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေး ရည်မှန်းချက်မှာ မူလအတိုင်းပင်ဖြစ်သည်။

BNA သည် ၁၉၄၅ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ခိုက်ခဲ့သည်။ ထိုနေ့ကို အစွဲပြု၍ "တော်လှန်ရေးနေ့"ဟု သတ်မှတ်ကာ နောင်တွင် တပ်မတော်အင်အားစုကို ဂုဏ်ပြုသောအားဖြင့် "တပ်မတော်နေ့"ဟု သတ်မှတ်ကာ ဂုဏ်ပြုခေါ်တွင်စေခဲ့ပါသည်။ နှစ်စဉ်နှစ်တိုင်း မတ်လ ၂၇ ရက်နေ့ကို "တပ်မတော်နေ့"အဖြစ် နေ့ထူးနေ့မြတ်ကြီး သတ်မှတ်ကာ ဂုဏ်ပြုလာခဲ့သည်မှာ ယခုဆိုလျှင် (၆၅)နှစ်သို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။

တပ်မတော်သည် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း ပြည်တွင်းဆူပူသောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရပြန်ပါသည်။ ၁၉၅၈ခုနှစ်တွင် အိမ်စောင့်အစိုးရအဖွဲ့အနေဖြင့်လည်းကောင်း၊ ၁၉၆၂ခုနှစ်တွင် တော်လှန်ရေးကောင်စီအနေဖြင့်လည်းကောင်း၊ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အနေဖြင့်လည်းကောင်း မြန်မာနိုင်ငံကြီးကို အကြိမ်ကြိမ် ကယ်တင်ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ ယခု မျက်မှောက်အချိန်ကာလတွင် "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ"အနေဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိရန် စွမ်းဆောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "ဒို့တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်သာမက ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမယ်၊ တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်အောင် တည်ဆောက်ကြရမယ်၊ တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ယူလိုက်ရပြီးနောက် အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲထူထောင်ထားတဲ့ နိုင်ငံတော်တည်ဆောက်မှုလုပ်ငန်းတွေကနေ ပြည်သူ့အကျိုးစီးပွားကို ဆက်လက်ဖော်ဆောင်ကြရမယ်။ နိုင်ငံတော်မှာ ကျင့်သုံးမယ့် ဒီမိုကရေစီကျင့်စဉ်ဟာ ပြည်ထောင်စုမပြိုကွဲရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ထိပါးခြင်းမရှိအောင် စောင့်ရှောက်ကြရမယ်"ဟု (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ကြားခဲ့ပါသည်။

ယခုအခါတွင် တပ်မတော်သည် အဓိက တာဝန်ကြီးသုံးရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ တပ်မတော်က ဆောင်ရွက်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းစသော စီမံကိန်းကြီးသုံးခုအတွက် နိုင်ငံတစ်ဝန်းလုံးတွင် ဆောက်လုပ်ပေးခဲ့သော စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးစသော (Infrastructure) အခြေခံအဆောက်အအုံများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် များပြားလာသည်ကို ပြည်သူအားလုံး မျက်ဝါးထင်ထင် မြင်တွေ့နေကြရပြီ ဖြစ်ပါသည်။

တပ်မတော်သည်နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပြည်သူတို့နှင့်အတူ ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်မှာ မြစ်ဝကျွန်းပေါ် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများက သက်သေပြလျက်ရှိလေသည်။ တပ်မတော်သားတိုင်း၏ နိုင်ငံကိုချစ်သောစိတ်၊ မိမိလူမျိုးကိုချစ်သော စိတ်တို့ကို အခြေခံပြီး မိမိမြေကို တစ်လက်မမျှ ကျူးကျော်မခံလိုသော ဇာတိသွေး၊ ဇာတိမာန်စိတ်ဓာတ်ကလည်း အစဉ်ထာဝရ ထက်သန်လျက်ရှိပါသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှသည် မျက်မှောက်ကာလတိုင်အောင် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့အကြား ရေကိုသားသော် အကြားမထင်သကဲ့သို့ စည်းလုံးညီညွတ်မှုသည်လည်းသမိုင်းစာမျက်နှာတွင် အကြိမ်ကြိမ်ကမ္ပည်းမော်ကွန်းတင်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ယခုအခါတွင် တပ်မတော်သည် အဓိက တာဝန်ကြီးသုံးရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေး တာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ တပ်မတော်က ဆောင်ရွက်ခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေး စီမံကိန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသော စီမံကိန်း ကြီးသုံးခုအတွက် နိုင်ငံတစ်ဝန်းလုံးတွင် ဆောက်လုပ်ပေးခဲ့သော စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး စသော (Infrastructure) အခြေခံအဆောက်အအုံများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် များပြားလာသည်ကို ပြည်သူ အားလုံး မျက်ဝါးထင်ထင်မြင်တွေ့နေကြရပြီ ဖြစ်ပါသည်။

နိုင်ငံတော်အေးချ
ကောင်စီ ဥက္ကဋ္ဌ တပ်
ဗိုလ်ချုပ်မှူးကြီးသန်း
နိုင်ငံတော်ကာကွယ်
အကျိုးစီးပွားကို ဦး
ဆောင်ရွက်ကြရမယ်
တောင့်တင်းပြီး စွမ်
မျိုးချစ်တပ်မတော်ဖြ
မယ်၊ တပ်မတော်က
မရှောင်သာ ယူလိုက်
တပ်မတော်တို့ လက်
တည်ဆောက်မှုလုပ်င
စီးပွားကိုဆက်လက်
မှာကျင့်သုံးမယ့် ဒီမိုက
မပြိုကွဲရေးနဲ့ တိုင်း
မပြိုကွဲရေးကို ထိပါး
ကြရမယ်"ဟု (၆၄
စစ်ရေးပြအခမ်းအနား

တပ်မတော်သည် မျိုးချစ်တပ်မတော်
သစ္စာရှိသော တပ်မတော်ဖြစ်ခြင်း၊ တစ်ဦး
စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်ဖြစ်ခြ
ရှိသည့် တပ်မတော်ဖြစ်ခြင်း၊ အပင်ပန်း
တပ်မတော်ဖြစ်ခြင်း၊ ဒို့တာဝန်အရေးသုံးပါ
တာဝန်များအတွက် အဆင်သင့်ရှိနေမည့် တပ်
အားများပင် ဖြစ်ပါသည်။ အဆိုပါအားများနှ
ဆက်လက် အကောင်အထည်ဖော် ဆောင်ရွ

သမိုင်းအစဉ်အလာကြီးမားပြီး အမ
တပ်မတော်၏ မွန်မြတ်သောဂုဏ်အင်္ဂါနှင့်အ
ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ
ပန်ဆင် ရွက်ဆောင်ရင်း နိုင်ငံတော်နှင့် ပြည်
လျက်ရှိပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါ

ကမ္ဘာ

* စိတ်ထားဖြူ၍၊
ပြည်သူတို့ကြား၊ ပြည်သူများမှ
ပေါက်ဖွားထွက်ပေါ်၊ တပ်မတော်တ
* မေတ္တာခင်း၍၊
ချစ်ခြင်းဖွဲ့ယူ၊ များပြည်သူနှင့်
တူညီလက်တွဲ၊ လုံ့လဖွဲ့ဖြင့်
ဆင်နွှဲတော်လှန်၊ နယ်ချဲ့ရန်ကို
မကျန်အမြစ်၊ တိုက်ထုတ်ပစ်ခဲ့
မျိုးချစ်မာန်ကျော်၊ တပ်မတော်တည့်
* သစ္စာပေး၍၊
အရေးကြုံတိုင်း၊ ခေတ်သမိုင်းဝယ်
တုံ့ဆိုင်းမနေ၊ မတွေဝေဘဲ
ထမ်းလေတာဝန်၊ မြဲကျေပွန်သည့်

(၆၅)နှစ်မြောက် တပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "ဒို့တပ်မတော်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်သာမက ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမယ်၊ တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်အောင် တည်ဆောက်ကြရမယ်၊ တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ယူလိုက်ရပြီးနောက် အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲထူထောင်ထားတဲ့ နိုင်ငံတော်တည်ဆောက်မှုလုပ်ငန်းတွေကနေ ပြည်သူ့အကျိုးစီးပွားကိုဆက်လက်ဖော်ဆောင်ကြရမယ်။နိုင်ငံတော်မှာကျင့်သုံးမယ့် ဒီမိုကရေစီကျင့်စဉ်ဟာ ပြည်ထောင်စုမပြိုကွဲရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ထိပါးခြင်းမရှိအောင် စောင့်ရှောက်ကြရမယ်"ဟု (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ကြားခဲ့ပါသည်။

တပ်မတော်သည် မျိုးချစ်တပ်မတော်ဖြစ်ခြင်း၊ စည်းကမ်းကောင်းသော တပ်မတော်ဖြစ်ခြင်း၊ သစ္စာရှိသော တပ်မတော်ဖြစ်ခြင်း၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားသော တပ်မတော်ဖြစ်ခြင်း၊ စိတ်ဓာတ်မြင့်မြတ်သော တပ်မတော်ဖြစ်ခြင်း၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သော ရဲစွမ်းသတ္တိရှိသည့် တပ်မတော်ဖြစ်ခြင်း၊ အပင်ပန်း အဆင်းရဲခံနိုင်သော တပ်မတော်ဖြစ်ခြင်း၊ ဖွဲ့လုံ့လရှိသော တပ်မတော်ဖြစ်ခြင်း၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်သော တပ်မတော်ဖြစ်ခြင်း၊ အနာဂတ်တာဝန်များအတွက် အဆင်သင့်ရှိနေမည့် တပ်မတော်ဖြစ်ခြင်းတို့သည် တပ်မတော်၏ ကြီးမားလှစွာသော အားများပင် ဖြစ်ပါသည်။ အဆိုပါအားများနှင့်အတူ ချမှတ်ထားသော တပ်မတော်နေ့ဦးတည်ချက်များကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

သမိုင်းအစဉ်အလာကြီးမားပြီး အမျိုးသားရေးကို ဘယ်သောအခါမှ သစ္စာမဖောက်သော တပ်မတော်၏ မွန်မြတ်သောဂုဏ်အင်္ဂါနှင့်အညီ "ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏"ဆိုသော တပ်မတော်သားတို့၏ သစ္စာတရားကို ဦးထိပ်ပန်ဆင် ရွက်ဆောင်ရင်း နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို အစဉ်ထာဝရ သယ်ပိုးဆောင်ရွက်လျက်ရှိပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ကမ္ဘာဆုံးသည့်တိုင်

✳ စိတ်ထားဖြူ၍၊
ပြည်သူတို့ကြား၊ ပြည်သူများမှ
ပေါက်ဖွားထွက်ပေါ်၊ တပ်မတော်တည့်။

✳ မေတ္တာခင်း၍၊
ချစ်ခြင်းဖွဲ့ယူ၊ များပြည်သူနှင့်
တူညီလက်တွဲ၊ လုံ့လဖွဲဖြင့်
ဆင်နွှဲတော်လှန်၊ နယ်ချဲ့ရန်ကို
မကျန်အမြစ်၊ တိုက်ထုတ်ပစ်ခဲ့
မျိုးချစ်မာန်ကျော်၊ တပ်မတော်တည့်။

✳ သစ္စာပေး၍၊
အရေးကြုံတိုင်း၊ ခေတ်သမိုင်းဝယ်
တုံ့ဆိုင်းမနေ၊ မတွေဝေဘဲ
ထမ်းလေတာဝန်၊ မြဲကျေပွန်သည့်
ပြည့်မွန်သားကောင်း၊ သူရဲကောင်းတို့
စုပေါင်းနွဲ့ပျော်၊ တပ်မတော်တည့်။

✳ ကိုယ်ကျိုးစွန့်၍၊
ရဲဝံ့စွန့်စား၊ ရေးသုံးပါးကို
ဆံဖျားဦးထက်၊ အမြဲရွက်၍
အသက်ကိုနှင်း၊ စောင့်ရှောက်ခြင်းဖြင့်
သတင်းမွှေးကျော်၊ တပ်မတော်တည့်။

✳ တပ်မတော်သာလျှင်၊
ရင်မှာကျွမ်းချစ်၊ ပြည့်ရင်နှစ်မို့
ချစ်လေးမြတ်စွာ၊ ဆုပန်ထွာသည်
ကမ္ဘာဆုံးတိုင် တည်စေသတည်း။ ။

တက္ကသိုလ်ညိုညိုသန့်

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

သတိထား

ကာတွန်း–ကျော်သူဟိန်း

မန္တလေးနှင့်မကွေးတိုင်းအတွင်းရှိ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ကတ္တရာလမ်းသစ်ဖွင့် ဒေသခံပြည်သူများ ရာသီမရွေးအသုံးပြုကာ လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြပြီ

နေပြည်တော် မတ် ၂၃

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာနက ကြီးကြပ်ပြီး မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်ပြီးစီးခဲ့သည့် မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ကတ္တရာလမ်း ၈၃ မိုင် ၂ ဖာလုံ လမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ရက် နံနက် ၇နာရီခွဲက တံတားဦးမြို့နယ် စကားအင်းအဝိုင်းလမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

အမှာစကားပြော

အခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက အမှာစကားပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် မန္တလေးတိုင်း စကားအင်းအဝိုင်းမှ စတင်၍ မကွေးတိုင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း)တို့ကို ဖြတ်သန်းပြီး ရန်ကုန်တိုင်း အမှတ်(၃)လမ်းဆုံအထိ လမ်းအရှည် ၄၀၀ မိုင် ၁ဖာလုံ ရှိကြောင်း။

ဖောက်လုပ်ပေး

ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ကို ၂၀၀၂-၂၀၀၃ခုနှစ်မှ စတင်၍ မြေသားလမ်းဖောက်လုပ်ခဲ့ပြီး ယနေ့အထိ မန္တလေးတိုင်းအတွင်း ကတ္တရာလမ်း ၈၃မိုင် ၂ဖာလုံ၊ မကွေးတိုင်းအတွင်း ကတ္တရာလမ်း ၇၅မိုင် ၃ဖာလုံ၊ ပဲခူးတိုင်း (အနောက်ပိုင်း)အတွင်း ကတ္တရာလမ်း ၃၆မိုင် ၇ဖာလုံ၊ ကျောက်ချောလမ်း ၉၁မိုင် ၁ဖာလုံ၊ ရန်ကုန်တိုင်းအတွင်း ကျောက်ချောလမ်း မိုင်၄၀ စုစုပေါင်း ကတ္တရာလမ်း ၁၉၅မိုင် ၄ဖာလုံနှင့် ကျောက်ချောလမ်း ၁၃၁မိုင် ၁ဖာလုံ ဖောက်လုပ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် မန္တလေးတိုင်းအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၊ ကျေးရွာ ၂၀၊ မကွေးတိုင်းအတွင်းရှိ မြို့နယ် ငါးမြို့နယ်၊ ကျေးရွာ ၃၁ရွာ၊ ပဲခူးတိုင်းအတွင်းရှိ မြို့နယ် ကိုးမြို့နယ်၊ ကျေးရွာ ၅၅ရွာ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် နှစ်မြို့နယ်၊ ကျေးရွာ ၁၉ရွာတို့ကို ဖြတ်သန်း ဖောက်လုပ်ထားကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးမြင့်ဦးနှင့် ရပ်မိရပ်ဖ ဦးတင့်လွင်တို့က လမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ် တင်ငွေက လမ်းသစ်ဖွင့်ပွဲ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ကတ္တရာလမ်းသစ် တစ်လျှောက် ကြည့်ရှုကြပြီး လမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)သည် မန္တလေးတိုင်းမှ ရန်ကုန်တိုင်းအထိ ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းအရှည် ၄၆၂မိုင်ရှိပြီး စည်ပင်သာယာရေး ဦးစီးဌာန မန္တလေးတိုင်းစည်ပင်သာယာရေး အဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင် သာယာရေးအဖွဲ့များမှ အင်ဂျင်နီယာများဖြင့် မန္တလေးတိုင်း တံတားဦးမြို့နယ် စကားအင်းအဝိုင်းမှ နတ်မောက်မြို့နယ် အိုင်မနက်ချောင်းအထိ ၈၃မိုင် ၂ဖာလုံကို ဖောက်လုပ်ထားကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့်အဖွဲ့သည် မကွေးတိုင်း နတ်မောက်မြို့နယ် အိုင်မနက်ချောင်း ကျေးရွာ၌ကျင်းပသည့် မကွေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ကတ္တရာလမ်း ၇၅မိုင် ၃ဖာလုံ လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးမှုများ၊ ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ပေးမှု အခြေအနေများ၊ မြို့ပြနှင့် ကျေးလက်ဒေသ များဆက်သွယ်မှု ကောင်းမွန်နေစေရန် မြို့ပြ ကျေးလက်လမ်း၊ တံတားများကို စည်ပင် သာယာရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ပေးနေမှုအခြေအနေများ စသည် ဖြင့် အမှာစကားပြောကြားသည်။

ယင်းနောက် မကွေးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကား ပြောကြားသည်။

ဖွင့်လှစ်ပေး

ထို့နောက် မကွေးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ စည်ပင်သာယာ ရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးမြင့်ဦး နှင့် ရပ်မိရပ်ဖ ဦးဉာဏ်ရှိန်တို့က ကတ္တရာ လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး ကြပြီး ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မကွေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ် (၁) ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကမ္ပည်း မော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီး၊ မကွေးတိုင်း ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ခရိုင် ချင်းဆက်လမ်း အမှတ်(၁) ကတ္တရာလမ်း သစ်တစ်လျှောက် ကြည့်ရှုကြပြီး လမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ချောမွေ့စွာ

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ် (၁)သည် မကွေးတိုင်းအတွင်း လမ်းအရှည် ၁၃၂ မိုင် ၆ ဖာလုံရှိသည့်အနက် စည်ပင် သာယာရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက် ရသည့်လမ်းပိုင်းမှာ နတ်မောက်မြို့နယ် အိုင်မနက်ချောင်းမှ အောင်လံမြို့နယ် ဗျန်ဒီ ရွာအထိ ၇၅မိုင် ၃ဖာလုံရှိပြီး မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာ များဖြင့် ၂၀၀၂-၂၀၀၃ခုနှစ်မှ စတင်ပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အထိ မြေသားလမ်း၊ ကျောက်ချောလမ်း၊ ကတ္တရာ လမ်းအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် အဆင့် မြှင့်တင် ဖောက်လုပ်ခဲ့ကြောင်း၊ မကွေးတိုင်း အတွင်းရှိ နတ်မောက်မြို့နယ်၊ မြို့သစ် မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်၊ ဆင်ပေါင် ဝဲမြို့နယ်နှင့် အောင်လံမြို့နယ် ငါးမြို့နယ် အတွင်း ကျေးရွာ ၃၁ရွာကို ဖြတ်သန်းပြီး ပတ်ဝန်းကျင်ကျေးရွာ ၆ရွာ၊ အိမ်ခြေ ၇၇၅၄၊ ဒေသခံပြည်သူများအတွက် ယခင် သွားလာရေးခက်ခဲခဲ့ရာမှ ရာသီမရွေး ကတ္တရာလမ်းကို အသုံးပြုကာ လွယ်ကူ ချောမွေ့စွာ သွားလာအသုံးပြုနိုင်ပြီး ဖြစ်သည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများ တိုးတက် ကောင်းမွန်လာပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၃-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ကျေးဇူးသိမှ ချမ်းသာရ** တရားတော် ဆရာတော်အရှင်သုဇာတ (ထန်းတပင်)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၉)
- ၈:၃၀ Sports World (Us Figure Skating) (Part-1)
- ၈:၅၅ ဘိသိက်ပြိုင်နှင့် စပ်လျဉ်း၍ (အပိုင်း-၂)
- ၉:၁၀ သဒ္ဒါကြည်ဖြူ.... မြတ်သောအလှူ
- ၉:၂၅ အားကစားမြင်ကွင်းစုံ
- ၁၀:၀၅ Activities in the City အထက(၄) ကြည့်မြင်တိုင်၏ အာစရိယပူဇော်ပွဲ
- ၁၀:၂၀ ဗီဒီယိုပြခန်း
- ၁၀:၄၀ Industrial Talk
- ၁၁:၁၅ ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ
- ၁၁:၃၅ ဓာတ်ပုံထဲမှ အမှတ်တရများ သရုပ်ဆောင် ဇေဇေ၏ ဓာတ်ပုံထဲမှ အမှတ်တရများ (အပိုင်း-၂)
- ၁၂:၀၅ **ကုသမနေး တီဘီဘေး** ရာဇာနေဝင်း၊ သုမောင်၊ ညီဂျော်၊ မတူး (ဒါရိုက်တာ-ပန်းချီစိုးမိုး)
- ၁၂:၂၀ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (သမ္ဗူလ Toy Shop)
- ၁၂:၃၅ ဂီတစာဆို ဆရာမျိုးမြင့်ဆွေ၏ တေးသီချင်းကဏ္ဍ (အပိုင်း-၂)
- ၁:၀၀ **ကျေးဇူးသိမှ ချမ်းသာရ** တရားတော် ဆရာတော်အရှင်သုဇာတ (ထန်းတပင်)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (နာမည်ကြီးတာကောင်းတယ်၊ နာမည်မကြီးတာကောင်းတယ်)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၉)
- ၄:၂၀ ဂီတသံစဉ်အလှဆင် (ခင်ယုမေ)
- ၄:၄၀ သဒ္ဒါကြည်ဖြူ.... မြတ်သောအလှူ
- ၄:၅၅ တီဘီရောဂါပပျောက်ဖို့ တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးနှင့် ကုသကြပါစို့ (ဒေါက်တာအောင်ကျော်လင်း၊ ဒေါက်တာကျော်မြင့်ဦး)
- ၅:၂၀ ဘိသိက်ပြိုင်နှင့် စပ်လျဉ်း၍ (အပိုင်း-၂)
- ၅:၄၀ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် (၁၉၇၅-၇၉) ဓာတုဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ အာစရိယပူဇော်ပွဲ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၄၅ ဓာတ်ပုံထဲမှ အမှတ်တရများ သရုပ်ဆောင် ဇေဇေ၏ ဓာတ်ပုံထဲမှ အမှတ်တရများ (အပိုင်း-၂)
- ၇:၁၀ ဗီဒီယိုပြခန်း
- ၇:၂၅ Milestones of Contemporary Music Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (နာမည်ကြီးတာကောင်းတယ်၊ နာမည်မကြီးတာကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၉)
- ၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၂၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (သမ္ဗူလ Toy Shop)
- ၁၀:၃၅ Industrial Talk
- ၁၁:၀၅ Milestones of Contemporary Music Selection
- ၁၁:၃၅ သယံဇာတအသစ်ကို ဖန်တီးကြသူများ
- ၁၁:၅၀ ပန်းပုပန်းချီ တုမမီအောင် လက်ရာစုံပေးသည်....
- ၁၂:၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Portsmouth-Chelsea	ESPN(Live)

FA Cup ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၂:၁၀	Tottenham-Fulham	Star Sports (Live) MRTV - 4 (Live)

မတ် ၂၃ရက်က ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နှစ်ပတ်လည်အမျိုးသားနေ့ ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr.Qazi Mohammad Khalilullah ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မတ် ၂၃ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့် နီပါလီ ကွန်ဂရက်ပါတီဥက္ကဋ္ဌ နီပေါနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr.Girija Prasad Koirala ကွယ်လွန်ခဲ့ခြင်းအတွက် ရန်ကုန်မြို့ရှိ နီပေါသံရုံးတွင် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း အထိမ်းအမှတ် စာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

Software Engineering သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၃

Myanmar Professionals Education Centre က ဖွင့်လှစ်သင်ကြားလျက်ရှိသော မလေးရှားနိုင်ငံ Cambridge ICT မှပေးအပ်သည့် CICT Diploma in Software Engineering တန်းခွဲသစ်ကို ၂၀၁၀ ခုနှစ် ဧပြီလဆန်းတွင် ဖွင့်လှစ်မည် ဖြစ်သည်။

ထည့်သွင်းသင်ကြားမည်

Computer အခြေခံရှိရုံဖြင့် တက်ရောက်နိုင်မည်ဖြစ်ပြီး သင်တန်းကာလ ကိုးလသာ ကြာမြင့်မည်ဖြစ်သော အဆိုပါ Diploma သင်တန်းတွင် Software Engineering နှင့်သက်ဆိုင်သော အဓိက ဘာသာရပ်ခြောက်ခုနှင့် လက်တွေ့လုပ်ငန်းခွင် အသုံးချ Project တစ်ခုကိုပါ ထည့်သွင်း သင်ကြားပေးသွားမည်ဖြစ်သည်။ ပြည်တွင်းမှာပင် သင့်တင့်သောဈေးနှုန်းဖြင့် နိုင်ငံတကာအဆင့်မီ Diploma တစ်ခုကို ရယူပိုင်ဆိုင်နိုင်မည်ဖြစ်သလို၊ ပညာဆက်လက်သင်ကြားလိုသူများအနေဖြင့်လည်း Overseas တွင် IT နှင့်ပတ်သက်သော Bachelor Degree များအထိ အချိန်တိုအတွင်း ဆက်လက် တက်ရောက်နိုင်မည်ဖြစ်သည်။ Diploma in Software Engineering သင်တန်းကို သင်ကြားမှုအတွေ့အကြုံသာမက လုပ်ငန်းခွင်အတွေ့အကြုံ ရင့်ကျက်သော ဆရာ ဆရာမများက စနစ်တကျ လေ့ကျင့်သင်ကြားပေးမည် ဖြစ်သည်။ ထို့အပြင် Software ရေးသားမှု အတွေ့အကြုံရှိသူများကပါ ထပ်မံ၍ လုပ်ငန်းခွင် အတွေ့အကြုံများကို Knowledge Sharing အနေဖြင့် သင်ကြားပို့ချပေးသွားမည် ဖြစ်သည်။

တက်ရောက်နိုင်

၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုထားပြီးသူ ကျောင်းသား ကျောင်းသူများ အနေဖြင့် မိမိတို့၏ ကျောင်းသားကတ်ဖြင့် လာရောက်အပ်နှံပါက အထူးအစီအစဉ်ဖြင့် လက်ခံပေးသွားမည်ဖြစ်သည်။ ထို့အပြင် သင်တန်းကြေးကိုလည်း အရစ်ကျပေးသွင်း နိုင်စေရန် စီစဉ်ထားသည်။ အထက်ပါ Diploma in Software Engineering သင်တန်းကို တက္ကသိုလ်ဝင်တန်းဖြေဆိုထား ပြီးသူများမှစ၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။

စာရင်းသွင်း

သင်တန်းတက်ရောက်လိုသူ ကျောင်းသားများနှင့် မိဘများသည် အသေးစိတ် အချက်အလက်များကို Myanmar Professionals Education Centre (MPEC) အမှတ် ၁၁၂ အခန်း (၁၁၊ ၁၂) (၈)မိုင် ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉၊ ၆၅၀၁၂၄ တို့သို့ ဆက်သွယ်စုံစမ်း၍ ကြိုတင်စာရင်း ပေးသွင်းထားနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကမ္ဘာလှည့် အပျော်စီးဇိမ်ခံသင်္ဘောကြီး M.V The World ငပလီကမ်းခြေသို့ ပထမဆုံးအကြိမ် ဆိုက်ရောက်

ရန်ကုန် မတ် ၂၃

မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ကမ္ဘာလှည့်ခရီးသည် ၁၀၀ကျော် ပါဝင်သည့် ကမ္ဘာလှည့် အပျော်စီးဇိမ်ခံသင်္ဘောကြီး M.V The World သည် မတ် ၂၀ရက် နံနက် ၉နာရီခွဲတွင် ငပလီကမ်းခြေသို့ ပထမဆုံးအကြိမ် ဆိုက်ရောက်ခဲ့ရာ ရိုးရာဝတ်စုံများ ဝတ်ဆင်ထားသော တိုင်းရင်းသားများ၊ ဒေသခံများနှင့် Amata Resort Ngapali မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက လှိုက်လှဲစွာ ကြိုဆိုကြသည်။ (အပေါ်ပုံ)

အဆိုပါ အပျော်စီးဇိမ်ခံသင်္ဘောကြီး M.V The World မှ ကမ္ဘာလှည့် ခရီးသွား ဧည့်သည်များသည် မတ် ၁၁ရက်တွင် ကော့သောင်းမြို့နှင့် မြိတ်ကျွန်းစုရှိ ကျွန်းဖီလာ၊ မကြုံကလက်ကျွန်းနှင့် လန်ပိကျွန်းများသို့ လည်ပတ်ခဲ့ပြီး မတ် ၁၄ရက်တွင် ရန်ကုန်မြို့တွင်း ခရီးစဉ်များနှင့် ပဲခူးနေ့ချင်းပြန် ခရီးစဉ်များ၊ တရားစခန်းများ၊ လေ့လာရေးခရီးစဉ်များ၊ ပုဂံ၊ မန္တလေးနှင့်အင်းလေး ဒေသတို့သို့ လေယာဉ်ဖြင့် သွားရောက်လေ့လာခြင်း၊ Road to Mandalay သင်္ဘောဖြင့် လည်ပတ်ခြင်း ခရီးစဉ်များကို သွားရောက်ခဲ့ကြကြောင်း၊ ထို့နောက် သင်္ဘောကြီး၏ မြန်မာပြည်ခရီးစဉ် အဆုံးသတ်အဖြစ် ကမ္ဘာလှည့်ခရီးသည်များသည် မတ် ၂၀ရက်တွင် Sightseeing အဖြစ် သံတွဲမြို့တွင်းသို့ လှည့်လည်ကြည့်ရှုကြပြီး Amata Resort Ngapali ဟိုတယ်၌ တစ်နေ့တာ အနားယူကြကာ ည ၁၁ နာရီတွင် အိန္ဒိယနိုင်ငံ ပို့ဘလဲဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိုင်အက်စ်အို သင်တန်းများဖွင့်

ရန်ကုန် မတ် ၂၃

MAT Professional Training & Services နှင့် Guardian Independent Certification Ltd. (UK) တို့ ပူးပေါင်း၍ ISO 9001; 2008 Quality Management Standards Awareness သင်တန်းများကို မတ် ၁၈ရက်က အမှတ်-၃၅၅ သိမ်ဖြူလမ်း MAT သင်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံနှင့် ပုဂ္ဂလိကရုံးဌာနများမှ သင်တန်းသား ၆၀ကျော် တက်ရောက်ခဲ့ကြပြီး IRCA QMS 2008 Auditor Dr. Tin Latt (အောက်ပုံ)က ပို့ချကာ သင်တန်းပြီးဆုံးချိန်တွင် သင်တန်းသားများ အားလုံးအား သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ခဲ့သည်။

MAT Professional Training & Services မှ ISO 9001; 2008 သင်တန်းများ၊ HACCP သင်တန်းများနှင့် ISO 22000 သင်တန်းများအပြင် Marketing နှင့် Auditing သင်တန်းများကို လစဉ်ပုံမှန်ပို့ချပေးလျက်ရှိပြီး ကုမ္ပဏီများ ISO လက်မှတ်ရရှိရေးအတွက် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ စစ်ဆေးပေးခြင်း၊ ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

စိတ်ပါဝင်စားသော ကုမ္ပဏီများအနေဖြင့် MAT Professional Training & Services ဖုန်း-၂၄၆၆၁၈၊ ၇၃၀၀၂၉၅၈၊ ၂၄၂၄၃၁ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်သည်။ (သတင်းစဉ်)

(၆၅)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ရွှေထီးဆောင်းဆရာတော် ဦးဆောင်သော စေတနာသွေးလှူရှင်အဖွဲ့ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၂၃

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ သိမ်ကျောင်းတိုက်မှ ပဓာနနာယက ရွှေထီးဆောင်းဆရာတော် အရှင်အာဒိစ္စာလင်္ကာရ ဦးဆောင်သော စေတနာ သွေးလှူရှင်အဖွဲ့သည် ယနေ့နံနက်၉နာရီခွဲတွင် နေပြည်တော် အထွေထွေရောဂါကု ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ (၆၆)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းကြသည်။

ကြည့်ရှုအားပေး

အဆိုပါ သွေးလှူဒါန်းရာသို့ နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၁၀၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းတင်ထွန်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး သွေးအလှူရှင် ၅၂ဦးတို့၏ သွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှု အားပေးကာ ရွှေထီးဆောင်းဆရာတော်ထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလားတူ ရွှေထီးဆောင်းဆရာတော် သီတင်းသုံးရာ မြင်းမူမြို့ သိမ်ကျောင်းတိုက် ဓမ္မာရုံ၌လည်း (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မတ် ၁၉ ရက် နံနက်ပိုင်းက စေတနာ သွေးလှူရှင် ၂၈၇ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့စီးပွားရေးဘဏ် Online Banking စနစ်စတင်

ရန်ကုန် မတ် ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်သည် Smart Card ကို အသုံးပြု၍ ဘဏ်များအချင်းချင်း Online ချိတ်ဆက်ဆောင်ရွက်သွားမည့် Quick Cash Online Banking System ကို နေပြည်တော်ဘဏ်ခွဲ၊ ရန်ကုန်မြို့ရှိ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၅)နှင့် ငွေစုဘဏ်ခွဲ(၃)၊ မန္တလေးဘဏ်ခွဲ(၁)နှင့် ဘဏ်ခွဲ(၂) စုစုပေါင်းဘဏ်ခွဲခုနစ်ခုတို့၌ ၂၀၁၀ခုနှစ် ဧပြီ၂ရက်မှစတင်၍ ဝန်ဆောင်မှု ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ငွေသွင်းငွေထုတ်မြန်ဆန်

အဆိုပါ Quick Cash Online Banking System အရ Customer များအနေဖြင့် Smart Card ကိုအသုံးပြု၍ ငွေသွင်း၊ ငွေထုတ်လုပ်ငန်းများကို လွယ်လင့်တကူ မြန်ဆန်စွာဆောင်ရွက်လာနိုင်မည့်အပြင် မိမိစာရင်းဖွင့်လှစ်ထားသည့် ဘဏ်၌သာမက Online ချိတ်ဆက်ထားသည့် အခြားမည်သည့်ဘဏ်ခွဲတွင်မဆို ငွေသွင်း၊ ငွေထုတ်လုပ်ငန်းများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ရာ သွားလေရာသို့ ငွေကြေး ပမာဏ အမြောက်အမြား သယ်ဆောင်သွားရန်မလိုတော့ဘဲ Smart Card ဖြင့် အလွယ်တကူ ငွေသွင်း၊ ငွေထုတ် ပြုလုပ်နိုင်တော့မည်ဖြစ်သည်။

အင်တာနက်ဆက်သွယ်မှု ပြတ်တောက်မှု မရှိစေရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်ထားကြောင်း၊ ADSL နှင့် iPStar စနစ်များအပြင် Fiber Optics လိုင်းတို့ကိုအသုံးပြု၍ Network ချိတ်ဆက်ဆောင်ရွက်ထားမှုကြောင့် ဘဏ်လုပ်ငန်းချိန်အတွင်း အချိန်ပြည့် ဝန်ဆောင်မှုပေးသွားနိုင်မည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ စုံစမ်းသိရှိရသည်။

လုံခြုံစိတ်ချမှုရှိ

ဤဝန်ဆောင်မှုကိုအသုံးပြုလိုသူများသည် ကနဦးတွင် အနည်းဆုံးငွေကျပ် ၁၀၀၀၀၀၀ဖြင့် Online Account စာရင်းတစ်ခုဖွင့်လှစ်ရမည်ဖြစ်ပြီး ဘဏ်မှ Smart Card တစ်ခုနှင့် ငွေမှတ်စာအုပ်တစ်အုပ်တို့ ထုတ်ပေးသွားမည်ဖြစ်သည်။ Customer များအနေဖြင့် Smart Card ကို မိမိနှစ်သက်ရာ ဂဏန်းခြောက်လုံးဖြင့် Password သတ်မှတ်နိုင်ပြီး အဆိုပါ Password ကို ဘဏ်ကပင် မသိရှိဘဲ မိမိတစ်ဦးတည်းကသာ သိရှိမည်ဖြစ်သဖြင့် မိမိ၏ကတ် ပျောက်ဆုံး၊ ခိုးယူခြင်းခံရလျှင်ပင် Password မသိရှိပါက ငွေထုတ်ယူ မရနိုင်သည့်အတွက် လုံခြုံစိတ်ချရမှု အပြည့်အဝ ရှိမည်ဟုဆိုသည်။

မြန်မာ့စီးပွားရေးဘဏ်သည် အင်တာနက်ချိတ်ဆက်မှုကိုအသုံးပြု၍ Online စနစ်ဖြင့် ဝန်ဆောင်မှုပေးခြင်းကို ၂၀၀၇ ခုနှစ် မေလကပင် ပြည်ပသို့ထွက်ခွာမည့်သူများအား ဘဏ်အာမခံစာတမ်း ထုတ်ပေးခြင်းလုပ်ငန်းအတွက် အာမခံငွေကောက်ခံခြင်းကို ရန်ကုန်မြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာနရုံး၌လည်းကောင်း၊ နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအတွက် ပေးသွင်းငွေကောက်ခံခြင်းလုပ်ငန်းကို ရန်ကုန်မြို့ရှိ နိုင်ငံကူး လက်မှတ်ထုတ်ပေးရေးရုံးတို့၌လည်းကောင်း၊ ဘဏ်ခွဲ (၂) ရန်ကုန်မြို့ ကိုယ်စား One Stop Service အဖြစ် အင်တာနက်ဖြင့်ချိတ်ဆက်၍ Online ဘဏ်လုပ်ငန်းကို စမ်းသပ်ဆောင်ရွက်ပေးခဲ့ရာ အောင်မြင်မှုရရှိခဲ့သဖြင့် ယခုကဲ့သို့ Smart Card ကိုအသုံးပြု၍ ငွေသွင်း၊ ငွေထုတ်စနစ်ကို တိုးချဲ့ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် မတ် ၂၃

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၂)တွင် NLD ပါတီရွေးကောက်ပွဲ ဝင်မဝင် မတ် ၂၉ရက်တွင် ဆုံးဖြတ်မည်နှင့် အပတ်စဉ်ပါနေကျဖြစ်သော Political Times အထူးအချပ်ပိုအပါအဝင် ရွေးကောက်ပွဲအတွက် သူတို့ပြင်ကြ ဆင်ကြလေပြီ ၂၀၁၀ရွေးကောက်ပွဲ မျက်နှာဖုံးဆောင်းပါး၊ ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့်အဖွဲ့များနှင့် ယင်းတို့၏ သဘောထားအမြင်များ၊ ခေတ်ဟောင်းသတင်းစာများကပြောသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာဦးအောင်မိုး(UMFCCI)ရေးသားသည့် မဟာဗျူဟာနှင့် နည်းပရိယာယ်ကျင့်သုံးမှု၊ ဆရာမိုးမြင့်ဝင်း၏ နိုင်ငံရေးပါတီသစ်များဖွဲ့ကြမည်ဆိုလျှင်၊ ဆရာဖွဲ့သန်းသျှင်း(သုံးဆယ်)ရေးသားသည့် စာရေးဆရာကြီးပီမိုးနင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ စသည့် နိုင်ငံရေးအတွေးအမြင်ဆောင်းပါးများ၊ ရွှေတိဂုံစေတီတော် နိုင်ငံခြားဝင်ငွေရရှိမှု ဆယ်စုနှစ်အတွင်း စံချိန်တင်မည်၊ အမျိုးသမီးများ ထိုင်းတွင် တရားဝင် သွားရောက်အလုပ်လုပ်ကိုင်ခွင့်ရပြီ၊ ကိုရီးယား-မြန်မာစက်မှု သင်တန်းကျောင်း ပူးပေါင်းဖွင့်လှစ်မည်၊ ပျက်အစဉ်ပြင်မရတဲ့ ဟန်းဆက်တွေအကြောင်း၊ စင်ကာပူကိုဝင်မည်ဆိုလျှင်… နိုင်ငံရပ်ခြားအလုပ်သမားဈေးကွက် သုံးသပ်၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအသိအမြင် ကမ္ဘာ့ပြည်သူတွေ အားနည်းနေကြသလား Yangon Forum ကဏ္ဍသစ်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ကျပ်ငါးသိန်းတန်ဖုန်းများနှင့် ဆက်သွယ်ရေးကွန်ရက်၊ သားလေးမွေးတော့ ဘာနဲ့မှမလဲနိုင်တဲ့ ပျော်ရွှင်မှုမျိုး ခံစားရပါတယ် ဇင်ဇင်ဇော်မြင့်နှင့် လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

တရုတ်နှင့် ကန် ယွမ်ငွေကြေးကိစ္စကြောင့် ဆက်ဆံရေးတင်းမာမှု ပြင်းထန်လာ၊ အိမ်ထောင်ရေးကောလာဟလသတင်းများနှင့်ပတ်သက်ပြီး ဆာကိုဇီဖြေရှင်းမည်မဟုတ်၊ မကြာမီကျင်းပမည့် ဖိလစ်ပိုင်ရွေးကောက်ပွဲသည် ပွင့်လင်းရိုးသားမှု မရှိနိုင်ဟုဆို၊ ခင်ပွန်းကိုသတ်မှုဖြင့် အသက်(၈၂)နှစ်ရှိ စိတ်မနှံ့သည့် အမျိုးသမီးကြီး စွဲချက်တင်ခံရ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့က ဒီလိုတဲ့ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မတ် ၂၃

ကျေးလက်ဖွံ့ဖြိုးရေး DTH စလောင်း ဖလမ်း၌တပ်ဆင်

ပြန်ကြားရေးဝန်ကြီးဌာနကလှူဒါန်းသော DTH စလောင်းလွှဲအပ်တပ်ဆင်ပွဲကို မတ်၁၃ရက်က ဖလမ်းမြို့နယ် မန်ခဲင်းကျေးရွာ၌ကျင်းပရာ ဖလမ်းခရိုင်ဥက္ကဋ္ဌ ဦးခင်ဝင်းက အမှာစကားပြောကြားပြီး ဖလမ်းမြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဦးကောလ်လျန်ထန်းနှင့် ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လိုင်နယ်ကိမ်းတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စလောင်းလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။
(ခရိုင် ပြန်/ဆက်)

ထီးချိုင့်၌ မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသ

ကသာခရိုင် ထီးချိုင့်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသပွဲကို ဖေဖော်ဝါရီ၁၂ရက်က မြို့မဈေးကြီးအတွင်း၌ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးစိုးထွန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ခေတ်မီမီးသတ်ကိရိယာများဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသကြသည်။ (မြို့နယ် ပြန်/ဆက်)

ကျောက်တလုံးကြီး၌ စာကြည့်တိုက်ရှင်သန်ရေးဆွေးနွေး

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် ရပ်သံကျွမ်းကျင်(၃)ဒေါ်နှင်းရီတို့သည် မတ်၁၀ရက် နံနက်၁၀နာရီက ပင်ထွန်ကျေးရွာအုပ်စု ပင်ထွန်မြောက်ရွာ ပညာဗိမာန်စာကြည့်တိုက်သို့ရောက်ရှိပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့် သွားရောက်တွေ့ဆုံဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

ခန္တီး၌ ကြက်ငှက်တုပ်ကွေး ကာကွယ်ရေးဟောပြော

ခန္တီးမြို့ မြို့မရပ်ကွက်နှင့် ပေါမိုင်းရပ်ကွက်တို့၌ ကြက်ငှက်တုပ်ကွေးရောဂါ ပညာပေးဟောပြောပွဲကို မတ်၆ရက်ကကျင်းပရာ ခရိုင်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနဦးစီးမှူး ဒေါက်တာသန်းအေးက ရောဂါအမျိုးအစားနှင့် ရောဂါကူးစက်ခြင်းတို့ကိုလည်းကောင်း၊ ခရိုင်ကျန်းမာရေးမှူး ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်းက ရောဂါကာကွယ်ရေးနှင့် ကုသရေးတို့ကိုလည်းကောင်း ဟောပြောကြသည်။
(ခရိုင် ပြန်/ဆက်)

မန်စီမြို့ အလောင်းဘုရားလမ်းကတ္တရာခင်း

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမောင်မောင်အောင်သည် ဖေဖော်ဝါရီ၁၀ရက်က မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော အလောင်းဘုရားလမ်းကတ္တရာခင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိဦးဌေးကိုနှင့် တာဝန်ခံအင်ဂျင်နီယာဦးမင်းမင်းတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ (ခရိုင် ပြန်/ဆက်)

စဥ့်ကိုင်၌ စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေး

ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေးနှင့် ဝန်ထမ်းများသည် ပလိပ်ရွာမကျေးရွာ လူငယ်စာကြည့်တိုက်၊ နောက်တော်ပါးကျေးရွာ စိန်ရတနာစာကြည့်တိုက်နှင့် စိတ္တရကျေးရွာ စိတ္တသုခ စာကြည့်တိုက်များသို့ မတ် ၁၅ရက်က သွားရောက်၍ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး၊ စံ(၅)ချက်နှင့် ပြည့်စုံရေး ဟောပြောဆွေးနွေးသည်။
(မြို့နယ် ပြန်/ဆက်)

ကောလင်း အားမာန်စက်ချုပ်သမဝါယမလုပ်ငန်းညှိနှိုင်း

ကောလင်းမြို့ အားမာန်စက်ချုပ်သမဝါယမအသင်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ရက်က မြို့နယ်သမဝါယမဦးစီးဌာနခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးအရာရှိက အမှာစကားပြောကြားသည်။ (ဝ၃၂)

ခင်ဦးမြို့၌ သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

ခင်ဦးမြို့သန့်ရှင်းသာယာရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်း၍ မတ် ၇ရက် နံနက်က အောင်ချမ်းသာရပ် လမ်းမတော်လမ်း မြို့လယ်ဓမ္မာရုံရှေ့၌ သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်နှင့် အမှုဆောင်အရာရှိ ဦးချစ်ငွေတို့ ကြီးကြပ်ဆောင်ရွက်သည်။
(၁၈၂)

ဘုတလင်မြို့၌ မြို့ပြလမ်းကတ္တရာခင်းဆောင်ရွက်

ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ခုနှစ် မြို့ပြလမ်း အရှည်ပေ ၁၁၅၀၊ အကျယ် ၁၂ပေရှိ ကတ္တရာလမ်းဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇင်မင်းအောင်က လမ်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စက်ရေတွင်းတူးဖော်

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အလှူရှင်လှူဒါန်းငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေရရှိရေး လုပ်ငန်းဖြစ်သော သံသည်ကျေးရွာ စက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံ၊ ရေကန် တည်ဆောက်ပြီးစီးမှုတို့ကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး မတ်၁၀ရက်က ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ခင်ထားမြင့်က လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ရေထွက်ရှိမှုနှင့် ရေရယူသုံးစွဲမှုတို့ကို ရှင်းလင်းတင်ပြသည်။ ။ (မြို့နယ်စည်ပင်)

ဧရာဝတီမြစ်အနောက်ခြမ်းဒေသ ဖွံ့ဖြိုးရေးအတွက် ဆောက်လုပ်နေသော ဧရာဝတီတံတား (မလွန်)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
ဓာတ်ပုံမှတ်တမ်း - မိုးမြင့်လှိုင်
စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)



ဧရာဝတီတံတား(မလွန်) စီမံကိန်းတွင် ဘိုးပိုင်တူးခြင်း လုပ်ငန်းကို ဤသို့ ဆောင်ရွက်ခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်)

နေပြည်တော် မတ် ၂၃

လမ်းနှင့်တံတားများသည် နိုင်ငံတော်၏ စီးပွားရေး အခြေခံအဆောက်အအုံ ဖြစ်သကဲ့သို့ ပြည်ထောင်စုဖွား တိုင်းရင်းသားများအတွက် တစ်ဦးနှင့်တစ်ဦး လွယ်ကူစွာ ကူးလူးဆက်သွယ်နိုင်မည့် လူမှုရေး၊ စီးပွားရေး အဆောက်အအုံများလည်း ဖြစ်ပေသည်။

တည်ဆောက်ပေးခဲ့

မြန်မာနိုင်ငံ၌ အဓိကမြစ်ကြီးများဖြစ်သော ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်ဟူသည့် မြစ်ကြီးများပေါ်တွင် ၁၉၈၈ခုနှစ် မတိုင်ခင်က တံတားကြီး လေးစင်းသာရှိခဲ့သော်လည်း ယခုအခါ တံတားပေါင်းမြောက်မြားစွာကို နိုင်ငံတော် အစိုးရက အထူးစီမံကိန်းကြီးများဖြင့် တည်ဆောက်ပေးခဲ့သည်။ ယနေ့အထိ မြစ်ကူး တံတားကြီးများအနေဖြင့် ကချင်ပြည်နယ်တွင် ပေ၁၈၀ အောက်တံတား ၄၁၃စင်း၊ ပေ၁၈၀အထက် ၁၈စင်း၊ ကယားပြည်နယ်တွင် ပေ၁၈၀အောက် ၂၄ စင်း၊ ပေ ၁၈၀ အထက် တစ်စင်း၊ ကရင်ပြည်နယ်တွင် ပေ ၁၈၀ အောက် ၁၈၇ စင်း၊ ပေ ၁၈၀ အထက် ခုနစ်စင်း၊ ချင်းပြည်နယ်တွင် ပေ ၁၈၀ အောက် ၁၇ စင်း၊ ပေ ၁၈၀ အထက် သုံးစင်း၊ စစ်ကိုင်းတိုင်းတွင် ပေ ၁၈၀ အောက် ၄၀၈ စင်း၊ ပေ ၁၈၀ အထက် ၁၆စင်း၊ တနင်္သာရီတိုင်းတွင် ပေ ၁၈၀ အောက် ၁၁၆ စင်း၊ ပေ ၁၈၀ အထက် ခုနစ်စင်း၊ ပဲခူးတိုင်းတွင် ပေ ၁၈၀ အောက် ၁၇၁ စင်း၊ ပေ ၁၈၀ အထက် ၁၈စင်း၊ မကွေးတိုင်းတွင် ပေ ၁၈၀အောက် ၁၆၄စင်း၊ ပေ ၁၈၀ အထက် ၁၉စင်း၊ မန္တလေးတိုင်းတွင် ပေ ၁၈၀ အောက် ၂၁၂ စင်း၊ ပေ ၁၈၀ အထက် ၁၁စင်း၊ မွန်ပြည်နယ်တွင် ပေ ၁၈၀ အောက် ၁၃၁ စင်း၊ ပေ ၁၈၀ အထက် လေးစင်း၊ ရခိုင်ပြည်နယ်တွင် ပေ ၁၈၀ အောက် ၂၅၉ စင်း၊ ပေ ၁၈၀ အထက် ၃၆ စင်း၊ ရန်ကုန်တိုင်းတွင် ပေ ၁၈၀ အောက် ၆၆စင်း၊ ပေ ၁၈၀ အထက် တံတားအစင်း ၃၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ပေ ၁၈၀ အောက် ၁၆၈ စင်း၊ ပေ ၁၈၀ အထက် လေးစင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ပေ ၁၈၀ အောက် ၁၈၅ စင်း၊ ပေ၁၈၀ အထက် ငါးစင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပေ၁၈၀ အောက် တံတားအစင်း ၈၀၊ ပေ ၁၈၀အထက် ခုနစ်စင်း၊ ဧရာဝတီတိုင်းတွင် ပေ၁၈၀အောက် ၃၁၂ စင်း၊ ပေ ၁၈၀အထက် ၄၇စင်း စုစုပေါင်း ပေ ၁၈၀ အောက် ၂၉၁၃စင်းနှင့် ပေ ၁၈၀အထက် ၂၃၃ စင်း တည်ဆောက်ပေးခဲ့ပြီး တည်ဆောက်ဆဲ တံတား ၂၁စင်း ရှိသည်။

ယခုအခါ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ ဧရာဝတီမြစ်ပေါ်၌ နောက်ထပ်တံတားကြီးလေးစင်း ထပ်မံတည်ဆောက်လျက်ရှိသည်။ ယင်းတံတားများသည် ယခင်ကကဲ့သို့ ကားလမ်းသာပါသော သာမန်တံတားများ မဟုတ်ဘဲကားလမ်း နှစ်လမ်း၊ ရထားလမ်း တစ်လမ်း၊ လူသွားလမ်း နှစ်လမ်းပါ အထူးတံတားကြီးများ ဖြစ်သည်။

စာရေးသူသည် ဧရာဝတီတံတား(ပခုက္ကူ)၊ ဧရာဝတီတံတား(ညောင်တုန်း)တို့သို့ သွားရောက်လေ့လာခဲ့ပြီးနောက် ဖေဖော်ဝါရီလ ၂၂ရက်နေ့က ဧရာဝတီတံတား(မလွန်) တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်လေ့လာခွင့်ရခဲ့သည်။

ဧရာဝတီတံတား(မလွန်) စီမံကိန်းဆိုင်ရာ အချက်အလက်များအဖြစ် အောက်ပါ တို့ကို သိရှိခဲ့ရသည်-

၁။ တည်နေရာ	- မကွေးတိုင်း၊ မကွေးခရိုင်၊ ရွာသစ်ကျေးရွာနှင့် စစ်ကိုးပင်ကျေးရွာအနီး မိကျောင်းရဲ ပဋ္ဌနဂိုရ်ကားလမ်း၊ မိုင်တိုင်အမှတ် ၁၁/၄နှင့် ၁၁/၅ကြား၊
၂။ ပင်မတံတားရှည်	- မီတာ၉၈၀ (၃၂၁၅ပေ ၅လက်မ)၊
၃။ ခန်းဖွင့်ဖွဲ့စည်းပုံ	- ၉၆မီတာ×၂ခန်း(သံပေါင်)၊
	- ၁၁၂မီတာ×၇ခန်း(သံပေါင်)၊
၄။ တံတားအကျယ်	
- ယာဉ်သွားလမ်း	- ၂၈ ပေ၊
- ရထားလမ်း	- ၁၄ ပေ၊
- လူသွားလမ်း(တစ်ဖက်လျှင်)	- ၃ ပေ၊
၅။ ရေလမ်းကင်းလွတ်အမြင့်	- ၅၇ ပေ၊
၆။ ရေကြောင်းကင်းလွတ်အကျယ်	- ၉၈ မီတာ (၃၂၁ပေ-၆လက်မ)၊
၇။ တံတားအမျိုးအစား	
(က) အုတ်မြစ်	- အချင်း ၁ဒသမ၅မီတာ လွန်တူးပိုင်၊
(ခ) ကိုယ်ထည်ပိုင်း	- သံကူကွန်ကရစ်၊
(ဂ) အပေါ်ထည်ပိုင်း	- သံမဏိ၊ သံပေါင်၊
၈။ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်	- တန် ၆၀၊
၉။ စီမံကိန်းစတင်သည့်ရက်	- ၂၂-၁၁-၂၀၀၉။

ပြီးစီးမှုရာခိုင်နှုန်း

စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေမှာ ၂၂-၁၁-၂၀၀၉ရက်နေ့တွင် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပခဲ့သည်။ ရေလယ်တိုင်အမှတ် RP.1 တွင် ဘိုးပိုင် ၁၃လုံး၊ ရေလယ်တိုင်အမှတ် RP.2 တွင် ဘိုးပိုင် ၁၂လုံး၊ ရေလယ်တိုင်အမှတ် RP.3 တွင် ဘိုးပိုင်ခုနစ်လုံး၊ ရေလယ်တိုင်အမှတ် RP.8 တွင် ဘိုးပိုင်ရှစ်လုံး၊ ရေလယ်တိုင်အမှတ် RP.9 တွင် ဘိုးပိုင်တစ်လုံး၊ ရေလယ်တိုင်အမှတ် RP.10 တွင် ဘိုးပိုင် ၁၅လုံး တူးပြီးဖြစ်၍ တံတားတစ်ခုလုံး၏ ပြီးစီးမှုရာခိုင်နှုန်းမှာ ၁၅ရာခိုင်နှုန်း ဖြစ်သည်။



ဘိုးပိုင်တည်ဆောက်ရာတွင် အသုံးပြုရန်အတွက် သံကူခြင်းများကို စီမံကိန်း လုပ်သားကြီးများ ပြုလုပ်နေကြစဉ်။ (ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်)

ဧရာဝတီတံတား(မလွန်) စီမံကိန်းတွင် ဘိုးပိုင်ကွန်ကရစ်လောင်းခြင်း လုပ်ငန်းကို စီမံကိန်းဝန်ထမ်းများက ရေလယ်၌ ဤသို့ ဆောင်ရွက်ခဲ့ကြသည်။ (ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်)

ဧရာဝတီတံတား(မလွန်)သည် ရထားလမ်းပါ တွဲဖက်တည်ဆောက်မည့် တံတား ဖြစ်၍ ထိုတံတားကြီးပြီးစီးပါက ဧရာဝတီမြစ်၏ အနောက်ခြမ်းရှိ မလွန်၊ မင်းလှ၊ မင်းဘူး၊ အမ်းမှတစ်ဆင့် ရခိုင်ပြည်နယ်သို့လည်းကောင်း၊ သရက်၊ ကြံခင်း၊ မြန်အောင်၊ ဟင်္သာတမှတစ်ဆင့် ဧရာဝတီတိုင်းသို့လည်းကောင်း ဆက်သွယ်သွားရောက်နိုင်မည့် တံတားကြီးဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီး၏ ဒေသအသီးသီးကို မြန်မြန်ဆန်ဆန်နှင့် မျှတစွာ ဖွံ့ဖြိုးတိုးတက်စေပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မြဲသည်ထက် ခိုင်မြဲအောင် စေတနာထား ဆောင်ရွက်လျက် ရှိသည်။ တိုင်းရင်းသားပြည်သူများကလည်း နိုင်ငံတော်၏ စေတနာကို နားလည်စွာ ခံယူရင်း ဒေသဖွံ့ဖြိုးရေးတည်ဆောက်သည့် လမ်း၊ တံတားများကို ဝိုင်းဝန်းထိန်းသိမ်း ကြရန် လိုအပ်ပေသည်။

ပေါ်ပေါက်လာ

ဧရာဝတီတံတား(မလွန်)သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဧရာဝတီမြစ် အနောက်ခြမ်းပြည်သူများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နောက်ထပ်တံတားကြီးလေးစင်း ထပ်မံတည်ဆောက်ရန် လမ်းညွှန်မှာကြားချက်အရ ဧရာဝတီတံတား(စင်းခန်း)၊ ဧရာဝတီတံတား(ပခုက္ကူ)၊ ဧရာဝတီတံတား(ညောင်တုန်း)တို့နှင့်အတူ ပေါ်ပေါက် လာသော တံတားကြီးတစ်စင်း ဖြစ်သည်။

တံတားကြီး တည်ဆောက်သည့်နေရာသည် ဧရာဝတီမြစ်၏ ရေအနက်ဆုံးနေရာ ဖြစ်သည့်အပြင် မိုးရာသီတွင် ဧရာဝတီမြစ်ရေအတက်ကြမ်းပြီး မြစ်ကမ်းနားတစ်ပိုက် ရေနစ်မြုပ်လေ့ရှိသဖြင့် မိုးမကျမီ ဘိုးပိုင် (တံတားတိုင်)များ ဧရာဝတီမြစ် ရေလွတ်ရာ အမြင့်သို့ရောက်ရှိနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့ (၄)က လူအင်အား၊ စက်အင်အား အပြည့်အစုံဖြင့် ဧရာဝတီမြစ်၏ ကမ်းနှစ်ဖက်တွင် စီမံကိန်းစခန်းများဖွင့်ကာ နေ့ဆိုင်း၊ ညဆိုင်းဖြင့် ဆောင်ရွက်လျက်ရှိနေကြောင်းကို သွားရောက်လေ့လာပြီး မှတ်တမ်းတင် ဓာတ်ပုံများရိုက်ကူး၍ ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

ဧရာဝတီတံတား(မလွန်)၏ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်)

မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
(အလင်္ကာကျော်စွာရွှေမန်းဦးတင်မောင်-ဒေါ်သိန်းညွန့်)တို့၏မြေး၊
ဦးဆန်းဝင်း-ဒေါ်မြမြရှိန် တို့၏သား

မောင်တင်မောင်ဆန်းမင်းဝင်း B.Sc(Maths)

(ရွှေမန်းသဘင်)

နှင့်

တောင်ငူမြို့နေ
ဦးညွန့်လှိုင်-ဒေါ်တင်တင်ချို(မြတ်ရွှေစင်၊ စိန်ရွှေရတနာဆိုင်)တို့၏သမီး

မအေးမမလှိုင် LL.B

(မြတ်ရွှေစင်ပိုးထည်တိုက်)

တို့၏ ၁၆-၃-၂၀၁၀ရက်(အင်္ဂါနေ့)တွင် Sedona Hotel(Grand Ballroom) ၌ ကျင်းပပြီးစီးသော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မင်္ဂလာသဘင်နာယကအဖြစ် ဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းတရားသူကြီး ဦးမြင့်အောင်နှင့် ဇနီးဒေါ်နန်းညိုညိုစံတို့အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော အကယ်ဒမီများရှင် ဦးရန်အောင်နှင့် အကယ်ဒမီများရှင် ဒေါ်မေသန်းနုတို့အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော ဦးမြင့်အောင်နှင့် ဇနီး သရုပ်ဆောင်ဒေါ်စိုးမိုးကြည်တို့အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲနှင့် မင်္ဂလာလက်စွပ်ဇုန်း ကိုင်ဆောင်ပေးပါသော သရုပ်ဆောင်မချောရတနာ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မေတ္တာဖြင့် မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင် မနီနီဝင်းရွှေ၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော ရွှာစားဟိန်းရာဇာမင်္ဂလာဆိုင်းအဖွဲ့၊ သျှန်ထွဏ်း(မြန်မာစာ) တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မေတ္တာဖြင့် မင်္ဂလာပိုးထည် ဆင်မြန်းပေးပါသော မြနန်းရွှေရည်ပိုးထည်တိုက်(ဈေးချို)၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးပါသော မမဍ္ဍူ၊ မိုးကုတ်ပေါက်ပေါက်နှင့် Yes I Do၊ မေတ္တာဖြင့် မိတ်ကပ်နှင့် ဆံပင်ဖန်တီးပေးပါသော မိတ်ကပ် စိုးစိုးနှင့်အဖွဲ့၊ အငယ်လေး(အင်းစိန်)တို့အားလည်းကောင်း၊ ပန်းအလှပြင် နီနီ(ပွိုင့်)၊ ဓာတ်ပုံနှင့် ဗီဒီယို နိုင်နိုင် (R2)၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီပေးပါသော ဦးကျော်ဝင်း၊ Sedona Hotel မှ ဝန်ထမ်းများ၊ မော်ကွန်းတင် လက်မှတ်ရေးထိုးပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မြရိပ်ညိုဟိုတယ်(မြက်ခင်းပြင်)၌ ကျင်းပသော မင်္ဂလာညစာစားပွဲတွင် မေတ္တာဖြင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ထပ်ဆင့်အကယ်ဒမီဦးငြိမ်းမင်းနှင့် ဇနီး ဒေါ်နန်းခင်အေး၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုပေးပါသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များအား လည်းကောင်း၊ မြရိပ်ညိုဟိုတယ်ဝန်ထမ်းများနှင့် ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော လူကြီးမင်းများ၊ အနုပညာရှင် ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ အနယ်နယ်အရပ်ရပ်မှ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်သော ပရိသတ်များ၊ မတက်ရောက်နိုင်သော်လည်း လက်ဖွဲ့ပေးပို့ချီးမြှင့်သော ပရိသတ်များနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်တင်မောင်ဆန်းမင်းဝင်း-မအေးမမလှိုင်။

မင်္ဂလာဆုမွန်လွှာ

ကိုဆန်းမင်းနှင့် မမအေးတို့၏ မင်္ဂလာရက်မြတ်မှသည် တစ်ဦးနှင့်တစ်ဦး
ဖေးကူအတူမကွဲ လက်တွဲယှဉ်ကာ သံသရာဆုံးတိုင် လျှောက်လှမ်းနိုင်ကြပါစေ —

မမကြီး-မအိအိလှိုင်
မောင်လေး-ဒေါက်တာတင်မောင်ညွန့်-ဒေါက်တာအေးအေးမြင့်။

ရန်ကင်း အ.လ.က(၃)
ကျောင်းသားကျောင်းသူဟောင်းများ
မြတ်ဆရာကန်တော့ပွဲ

၁၉၈၀ ခုနှစ်မှ ၁၉၈၇ခုနှစ်. ပညာသင်နှစ် ကျောင်းသား ကျောင်းသူဟောင်းများက ၂၇-၃-၂၀၁၀ရက်(စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကျေးဇူးရှင် ဆရာ ဆရာမများအား ဂါရဝပြုကန်တော့ပန်းဆင်လိုပါသဖြင့် ကြွရောက် ကန်တော့ခံ ပါရန် ရိုသေလေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဆက်သွယ်ရန်-
အောင်သူ ဖုန်း - ၀၉-၈၆၄၅၈၆၃၊
ကိုသိန်းနိုင်ဦး ဖုန်း - ၀၉-၅၅၀၅၆၉၃၊
မမြမာလာ ဖုန်း - ၅၆၅၅၇၈၊
၁၉၈၀-၁၉၈၇ ကျောင်းသား ကျောင်းသူဟောင်းများ။

ဓနုတိုင်းရင်းသား မိသားစုအသင်း(ရန်ကုန်)
နှစ်ပတ်လည် သင်းလုံးကျွတ်
အစည်းအဝေးကျင်းပမည်

နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၀ ခုနှစ် မတ်လ ၂၈ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဓနုတိုင်းရင်းသား ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ဓနုတိုင်းရင်းသား မိသားစုဝင်အားလုံး အစည်းအဝေးသို့ တက်ရောက်ကြရန်နှင့် ၂၀၀၆ ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သည့် အသင်းဝင် သားသမီးများ၏ စာရင်းကို လူကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ဓမ္မာရုံ ဖုန်း-၃၈၃၇၃၃ သို့ မတ်လ ၂၆ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

- ၄ားမည် ခြောက်သောင်းစီ(နှစ်ချုပ်)
- လူနေဆိုင်ခန်းတစ်ခန်း ၁၀ပေ×ပေ၂၀
- အိမ်ခန်းတစ်ခန်း၁၀ပေ×ပေ၄၀
- သံသုမာလမ်းမပေါ်တောင်ဥက္ကလာပ
- **ဖုန်း-၀၉-၅၁-၅၂၇၅၉၊ ၅၆၉၄၈၅။**





ကျေးဇူးဆပ်ပါမည်

လက်ကိုင်ဖုန်း-၀၉-၅၀-၄၅၃၁၅ ပျောက်သွားပါသည်။ တွေ့ရှိက အောက်ပါဖုန်းသို့ ဆက်သွယ်ပါ။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၂၄၂၄၉၃။**

တိုက်ခန်းရောင်းမည်

၁။၃၅လမ်း၊ အပေါ်၊ (၂၅×၄၅)ပေ၊ အရှေ့လှည့် 2BR၊ ပွဲမထပ်၊ ပြင်ဆင်ပြီး၊ တိုက်သစ်။
၂။၃၉လမ်း၊ အလယ်၊(၁၂½ ×၄၀)ပေ၊ Hall၊ တိုက်သစ်၊ ထောင့်ခန်း၊ အရှေ့လှည့်။ **ဖုန်း-၀၉-၅၄-၀၇၃၀၉။**

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်မီမီခိုင် ၁၂/ဒဂန(နိုင်) ၀၁၉၉၇၈ ပိုင်ဆိုင်သော ယာဉ်အမှတ် န/၆၁၁၈၏ အခွန်ကျေပုံစံ(၁)၊ စာရွက်အစိမ်းမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၀-၂၂၆၈၉။

မသက်ဆိုင်ကြောင်း

ကျွန်မ မခင်သူဇာငြိမ်း ၁၂/ကတန (နိုင်)၀၀၂၂၁၃၏ ခင်ပွန်းဖြစ်သူမောင်သူရသန်းကျော် ၁၂/ကတန(နိုင်) ၀၀၀၁၄၂သည် ခွင့်မလွှတ်နိုင်သော လူမှုရေးကိစ္စကို ကျူးလွန်ခဲ့သောကြောင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း၊ နောက်နောင် ၄င်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စမျှ ကျွန်မနှင့် မသက်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။ **ခင်သူဇာငြိမ်း။**

ဂုဏ်ယူမိပါသည်

ဆရာကြီး ဒေါက်တာမင်းသိခ်၏ တပည့်
ဆရာမ စောယုနွယ်

INDIAN INSTITUTE OF ORIENTAL HERITAGE
ASTROLOGICAL RESEARCH PROJECT
VISWA JYOTISH VIDYAPITH

မှ

လောကီပညာဆိုင်ရာ ပါရဂူဘွဲ့ ချီးမြှင့်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ရရှိသော ပါရဂူဘွဲ့ဖြင့် ခုနစ်ရက် သားသမီးများ၏ အကျိုးကို သယ်ပိုးနိုင်ပါစေ-

ဦးသက်ပြင်း-ဒေါ်အေးခင်သိန်း
အရှေ့ကြို့ကုန်း။

ဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပသော ABE (UK) စာမေးပွဲတွင် MHR Management Institute ၏ HRM Diploma Level I ကျောင်းသား မောင်သက်ထွန်းအောင် မှ "Economic Principles and Their Application to Business" ဘာသာရပ်ဖြင့် ကမ္ဘာ့အမှတ်အများဆုံးဆုရရှိသည့်အတွက် မောင်သက်ထွန်းအောင်နှင့် သင်ကြားပေးသူ ဆရာမတွဲဖက်ပါမောက္ခ(ငြိမ်း) ဒေါ်သီတာမြင့်တို့အား ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် မြန်မာနိုင်ငံ၏ကမ္ဘာ့အမှတ်အများဆုံးဆုရှင် (၁၀)ဦးကို MHR Management Institute မှ မွေးထုတ်နိုင်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

MHR မှ ကမ္ဘာ့အမှတ်အများဆုံးဆုရှင်များ (ဒေါက်တာအေးအေးမာ၊ ...သိုက် (ခေါ်) ... ကိုတန်ကင်အောင်ဟိန်း မမြတ်မွန်ဇော် ဒေါက်တာရဲသူအောင် မမေသန်း ကိုအောင်မြိုးကျော် မမေမြတ်ဖြူစင် မထက်ထက်အောင်) ဆရာ/ဆရာမများ ကျောင်းသား/ကျောင်းသူများ မိုအဖွဲ့သားများ။

ရေနံချောင်းစည်ပင် ကျေးလက်လမ်းခင်း

ရေနံချောင်း မတ် ၂၃

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်လျက်ရှိရာ အင်တော- လေးတိုင်စင် ကျေးရွာ မြေသားလမ်းခင်း ဆောင်ရွက်ရန်အတွက် တစ်ကြောင်းထိုး ပြုပြင်ဆောင်ရွက်နေမှုကို မတ် ၂၈ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းစစ်ဆေး ကြပ်မတ်ဆောင်ရွက်ခဲ့သည်။ **(မြို့နယ်စည်ပင်)**

နံဂါတ်တံတား တည်ဆောက်

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရသည့် ကြံခင်း-အကောက်တောင် လမ်းပေါ်ရှိ နံဂါတ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို အဖွဲ့တာဝန်ခံအင်ဂျင်နီယာ ဦးစောဟားနေ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရွှေဘိုမြို့ တိုးချဲ့ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးမျိုးတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



ကျောက်ချောခင်း

မတ် ၅ရက်က ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော အုကျွန်း-ကံကွင်း ကျေးရွာချင်းဆက် ကျောက်ချောခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာဦးအောင်ဇော်မင်း ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးပြည့်ဖြိုးပိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေပေးအပ်

ပြင်ဦးလွင် မတ် ၂၃

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြင်ဦးလွင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က အသက် (၇၀)ပြည့် စစ်မှုထမ်းဟောင်းများနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၂၁ရက် နံနက် ၉နာရီက မြို့နယ်စစ်မှုထမ်းဟောင်း ရုံးခန်းမ၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးတင်စိုး(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားပြီး အသက်(၉၀)အထက် စစ်မှုထမ်းဟောင်း ခြောက်ဦး၊ အသက်(၇၀)ပြည့် စစ်မှုထမ်းဟောင်း ၄၅ဦး၊ မသန်စွမ်း စစ်မှုထမ်းဟောင်း ၈၇ဦးတို့အား စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၀၉၂၀၀၀ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးတင်စိုး(ငြိမ်း)နှင့် တာဝန်ရှိသူတို့က ပေးအပ်သည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်အသင်းမှ ငွေကျပ် ၅၀၀၀၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နာယက ဗိုလ်မှူးမောင်လတ်(ငြိမ်း)က ငွေကျပ် ၃၅၀၀၀တို့ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ထံ ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

အမျိုးသမီးတို့ဘဝ လုံခြုံလုံပစေမည့်

ပခုက္ကူမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း - အောင်မင်းဦး(ပခုက္ကူ) ➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် မတ် ၂၃

နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်းသည် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှု၊ စီးပွားရေးတိုးတက်မြင့်မားလာမည့် အခြေခံအဆောက်အအုံများ ဖြစ်ထွန်းမှု၊ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ အဆင့်အတန်း တိုးတက်မြင့်မားလာမှုတို့အပေါ်၌ များစွာတည်မှီလျက်ရှိသည်။

မျက်ဝါးထင်ထင်

နိုင်ငံတော်အစိုးရသည် အထက်ဖော်ပြပါ ကဏ္ဍအားလုံး လွှမ်းခြုံပါဝင်နေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို စနစ်တကျ အကောင်အထည်ဖော်ပေးလျက်ရှိပေသည်။ ယနေ့အချိန်အခါတွင် နယ်စပ်ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းနေပြီး မြို့ပြနှင့် ကျေးလက်ဒေသပါမကျန် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပေပြီ။

အမျိုးသမီးများ ကိုယ်ပိုင်အတတ်ပညာဖြင့် ဘဝရပ်တည်နိုင်ရေးအတွက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပခုက္ကူ)မှ စက်ချုပ်သင်တန်းသူများအား ဤသို့ သင်ကြားပို့ချပေးနေသည်။ (မြန်မာ့အလင်း)

အမျိုးသမီးအိမ်တွင်းမှု

ယနေ့ကာလတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းများ ပညာရည်မြင့်မားလာစေရေး၊ မိမိတို့ တိုင်းရင်းသားလူမျိုးများထံမှ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသလိုအပ်ချက်အလိုက် ပခုက္ကူ၊ မြိုင်၊ ရေစကြို၊ ပေါက်၊ ဆိပ်ဖြူ၊ ယင်းမာပင်၊ ဆားလင်းကြီးနှင့် ပုလဲမြို့များတွင် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများကို ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

သွားရောက်လေ့လာ

ဆောင်းပါးရှင်သည် ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက် (ဗုဒ္ဓကုန်း)လေယာဉ်ကွင်းဟောင်းအနီးတွင် ဖွင့်လှစ်လျက်ရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (ပခုက္ကူ)သို့ မတ် ၁၅ရက်က သွားရောက်လေ့လာခဲ့သည်။

ယင်းနေ့က သင်တန်းကျောင်းရှေ့တွင် တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသောင်းက ခရီးဦးကြိုပြုပါသည်။ အဆိုပါ သင်တန်းကျောင်းမှာ ဧရိယာ ၅ဒသမ၄၃ ဧက ကျယ်ဝန်းပြီး ပင်မနှစ်ထပ်ဆောင်၊ သင်တန်းသူ အိပ်ဆောင်၊ နည်းပြဆောင်၊ စားရိပ်သာနှင့် မီးဖိုချောင် အဆောက်အအုံ လေးခုတို့ ပါဝင်သည်။

သင်တန်းကျောင်းအတွင်း၌ နှစ်ရှည်သီးနှံပင်များဖြစ်သော သရက်ပင်၊ ပိန္နဲပင်၊ ငှက်ပျောပင်၊ ဒန့်သလွန်ပင်၊ အုန်းပင်၊ ပေါက်ပန်းဖြူပင်၊ သနပ်ခါးပင် စုစုပေါင်း ၁၂၄၃ပင် စိုက်ပျိုးထား၏။ ရာသီ သီးနှံပင်များအဖြစ် ပဲတောင့်ရှည်၊ တိုင်ထောင်ပဲ၊ ငရုတ်၊ ချဉ်ပေါင်၊ ဘူး၊ ကျောက်ဖရုံ၊ ခရမ်း၊ မြေပဲ၊ ဗိုလ်စားပဲတို့ကို စိုက်ပျိုးထားသည်။ ပေါက်ပန်းဖြူနှင့် ဒန့်သလွန်တို့မှာ ရှင်သန်ဖြစ်ထွန်းမှု ပို၍အားကောင်းနေပါသည်။

သင်တန်းကျောင်း ရောက်သည့်အခါ အခြေခံအိမ်တွင်းမှု စက်ချုပ်သင်တန်း တက်ရောက်နေကြသည့် သင်တန်းသူများ၏ အားကြိုးမာန်တက် သင်ယူနေပုံကို မှတ်တမ်းတင် ရိုက်ကူးခဲ့သည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးရုံးခန်း၌ သင်တန်းကျောင်းနှင့်ပတ်သက်၍ မေးမြန်းခွင့်ရခဲ့သည်။ ဤကျောင်းကား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်တွင် ပါဝင်ကြောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်အောက်တွင် ဗဟိုလေ့ကျင့်ရေးကျောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)နှင့် (မန္တလေး)၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ ပါဝင်လျက်ရှိနေကြောင်း ပြောကြားသည်။

အသက်မွေးဝမ်းကျောင်း

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပခုက္ကူ)ကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂ရက်က ဖွင့်လှစ်ခဲ့ကြောင်း၊ ဝန်ထမ်းအင်အား ၁၄ဦးဖြင့် တာဝန်များကို အားကြိုးမာန်တက် ဆောင်ရွက်နေကြောင်း၊ သင်တန်းရည်ရွယ်ချက်များအနေဖြင့် နယ်စပ်ဒေသရှိတိုင်းရင်းသူလေးများအား အိမ်တွင်းမှုသက်မွေးပညာရပ်များ သင်ကြားပေးရန်နှင့်သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန်၊ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်း လုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ အမျိုးဂုဏ် ဇာတိဂုဏ်ကို စောင့်ထိန်းပြီး အကျင့်စာရိတ္တ ကောင်းမွန်သည့် အမျိုးသမီးလေးများ ဖြစ်လာရန်၊ တိုင်းချစ်စိတ်၊ ပြည်ချစ်စိတ်၊ အမျိုးချစ်စိတ်၊ အစဉ်ရှင်သန်ထက်မြက်နေသည့် အမျိုးသမီးလေးများ ဖြစ်လာစေရန်နှင့် ရိုးရာယဉ်ကျေးမှု၊ အိမ်တွင်းမှု အတတ်ပညာများ ပိုမိုထွန်းကား ပြန့်ပွားလာစေရန် ရည်ရွယ်လျက် ဖွင့်လှစ်ထားကြောင်း သိရသည်။

ထို့နောက် ကျောင်းအုပ်ကြီးကအသက် ၁၆ နှစ်မှ ၃၀ အတွင်းရှိသူ၊ ပညာအရည်အချင်းအနေဖြင့် ရေးတတ်၊ ဖတ်တတ်အဆင့်ရှိသူ၊ ကျန်းမာရေးနှင့်ပြည့်စုံ၍ ကူးစက်ရောဂါ ကင်းရှင်းသူ၊ ကိုယ်ဝန်ဆောင်မဟုတ်သူ၊ အိမ်တွင်းမှုသက်မွေးဝမ်းကျောင်း ပညာရပ်များကို လုပ်ဆောင်ရန် ဝါသနာပါရှိသူ၊ ကျေးလက်နေအလုပ်လက်မဲ့ ဆင်းရဲနွမ်းပါးသူများအား ဦးစားပေးရွေးချယ်ကြောင်း၊ သင်တန်း ပြီးဆုံးပြီးနောက် အိမ်တွင်းမှု သက်မွေးပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ဆောင်ရန် ရည်ရွယ်ထားသူကိုသာ ဦးစားပေးရွေးချယ်ကြောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းမှ သင်တန်းအောင်မြင်ပြီးသူတစ်ဦးသည် သင်တန်းတက်ရောက်ရန် ထပ်မံ၍ ဆန္ဒပြုလာပါက ယင်းသင်တန်းသူသည် အိမ်တွင်းမှုသက်မွေးပညာဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်နေသူ ဖြစ်ရမည်ဖြစ်ကြောင်း စသည်ဖြင့် သင်တန်းရွေးချယ်မှု စည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

တက်ရောက်ခဲ့ကြ

ထို့အပြင် သင်တန်းဖွင့်လှစ်ပို့ချနိုင်မှု အခြေအနေကိုလည်း ပြောကြားရာ တစ်နှစ်လျှင် သင်တန်းသုံးပတ်၊ သင်တန်းတစ်ပတ်လျှင် ရက်သတ္တ ၁၄ပတ် ကြာမြင့်ပြီး အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁)မှ (၁၃)အထိ သင်တန်းသူပေါင်း ၄၈၆ ဦး၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁)မှ (၁၀)အထိ ၇၉ ဦးနှင့် (ကြိမ်) သင်တန်းအမှတ်စဉ်(၁)နှင့် (၂)တွင် ငါးဦးသာ တက်ရောက်ခဲ့ကြကြောင်း ဖွင့်လှစ်ခဲ့ပြီးသော သင်တန်းများအလိုက် ခွဲခြားရှင်းလင်းပြောကြားသည်။



ကျောင်းအုပ်ကြီး ဒေါ်အေးအေးသောင်းက သင်တန်းကျောင်း၌ သင်ကြားပေးနေသော ပညာရပ်များနှင့် ပတ်သက်၍ ရှင်းပြစဉ်။ (မြန်မာ့အလင်း)

အခြေခံအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ စက်ချုပ်သင်တန်း၏ ဘာသာရပ်များတွင် စက်အကြောင်း သိကောင်းစရာ၊ စက်ပစ္စည်း အခေါ်အဝေါ်နှင့် သုံးစွဲပုံ၊ စက်နင်းလေ့ကျင့်ခြင်း၊ အခြေခံစက်ချုပ်ရိုးနှင့် လက်ချုပ်ရိုး၊ ပေကြိုး၊ ပေတံအခေါ်အဝေါ်နှင့် သုံးစွဲပုံ၊ စကေးဆွဲနည်း၊ ကလေးဂါဝန်၊ ကလေးဘောင်းဘီတို၊ အသည်းပုံအိတ်၊ မဝတ် အပေါ်လွှာ၊ မဝတ်လေးမျိုး၊ ဘလောက်ပုံဆန်း လေးမျိုးနှင့် ကျားရုပ်ဘာသာရပ်တို့ကိုလည်းကောင်း၊ လက်မှုပညာဘာသာရပ်၌ အခြေခံခေါင်းအုံးစွပ်ပန်းထိုးခြင်း၊ တစ်ချောင်းထိုးအခြေခံပုံစံများ၊ သုံးမြှောင့်ပဝါ၊ မာဖလာ၊ ဦးထုပ်အမျိုးမျိုးထိုးခြင်း၊ ချုပ်ခြင်းတို့ကိုလည်းကောင်း၊ မုန့်လုပ်နည်းပညာဘာသာရပ်တွင် အုန်းနို့ခေါက်ဆွဲ၊ အုန်းနို့သီးစုံ ကျောက်ကျော၊ ရွှေချီ၊ အာလူး၊ ကန်စွန်းဥ၊ ငှက်ပျောသီးဆနွင်းမကင်း၊ ဆန်ဘိန်းမုန့်၊ ဂျုံပူတင်း၊ မုန့်ဟင်းခါး၊ ကြာဆံဟင်းခါး၊ သာဂူမုန့်ဖက်ထုပ်စသည့် မုန့်လုပ်နည်း ဘာသာရပ်တို့ကိုလည်းကောင်း သင်ကြားပို့ချလျက်ရှိကြောင်း စိတ်ပါလက်ပါ ရှင်းပြသည်။

စာတွေ့လက်တွေ့

ထို့အပြင် အဆင့်မြင့်စက်ချုပ်သင်တန်းတွင် ယူနီဖောင်း၊ အင်္ကျီ၊ ဘောင်းဘီ၊ ဆာဖာရီကုတ်၊ တစ်ထပ်ကုတ်၊ မိုးကာအင်္ကျီ၊ မြန်မာတိုက်ပုံ၊ ရှမ်းတိုက်ပုံ၊ ဘလောက်စ် ပုံဆန်း သုံးမျိုးနှင့် ပုံဆန်းစကတ်များပါမကျန် စာတွေ့ လက်တွေ့ သင်ကြားပို့ချလျက်ရှိကြောင်းနှင့် ကြိမ်သင်တန်းတွင် အပူခံပြား၊ ပန်းကန်ပြား (အဝိုင်း၊ လေးထောင့်၊ အနားတွန့်)၊ ငရုတ်ကောင်း ခြင်း၊ ဘဲဥဗန်း၊ ခရေဖူး ခြင်း၊ ရေသန့် ခြင်း၊ ကြာကလပ်၊ ဖိုင်ထည့် ခြင်း၊ ဟိုတယ်ဗန်း၊ တစ်ရှူးဘောက်စ်၊ ခေါင်းအုံး လုပ်နည်းပညာ ဘာသာရပ်များပါမကျန် စုံလင်စွာ ပို့ချပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ရောင်းချပေးနေ

ထိုမှတစ်ဖန် သင်တန်းသူများအား ထောက်ပံ့ကျွေးမွေး ဆောင်ရွက်ပေးမှုများနှင့်ပတ်သက်၍ရှင်းပြရာ အခြေခံနှင့် အဆင့်မြင့်သင်တန်းသူများအတွက် သင်တန်းသုံးပစ္စည်းများ၊ ပိတ်စများ၊ သင်ထောက်ကူပစ္စည်းများပါမကျန် ကူညီပံ့ပိုးပေးကြောင်း၊ ကျေးလက်ဒေသမှ လာရောက်၍ သင်တန်းတက်ရောက်သူများအတွက် သင်တန်းသူအဆောင်တွင် တည်းခိုညအိပ်ခွင့်ပြုပေးပြီး စားစရိတ်ငြိမ်း ဆောင်ရွက်ပေးထားကြောင်းနှင့် မြို့ပေါ်ရပ်ကွက်များမှ သင်တန်းတက်သူများကိုမူ စားစရိတ် ထောက်ပံ့မှုပေးခြင်း မရှိကြောင်း၊ ၎င်းအပြင် သင်တန်းထူးချွန်သူများကို အပ်ချုပ်စက်တစ်လုံးလျှင် ငွေကျပ် ၇၁၀၀၀ နှုန်းဖြင့် အရစ်ကျ ငွေချေစနစ်ဖြင့် ရောင်းချပေးနေကြောင်း ရှင်းလင်းပြောကြားသည်။

အားသွန်ခွန်စိုက်

သို့ဖြစ်ရာ ကျေးလက်နေပြည်သူများ လူနေမှုဘဝ အဆင့်အတန်း မြင့်မားရေးအတွက် စီမံဆောင်ရွက် သင်ကြားပေးလျက်ရှိသည့် အိမ်တွင်းမှုသက်မွေးလုပ်ငန်း အတတ်ပညာများကျွမ်းကျင်တတ်မြောက်လာသည်နှင့်အမျှ နိုင်ငံတော်၏တည်ဆောက်ရေးလုပ်ငန်းများတွင် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်ကြမည့်အပြင် နိုင်ငံသားအားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်ရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် လက်တွဲပါဝင် ဆောင်ရွက်ကြနိုင်တော့မည့်အကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဒေသခံပြည်သူများအတွက် ကိုယ်ပိုင်သက်မွေးမှုပညာများ သင်ကြားပေးရာ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း(ပခုက္ကူ)အဆောက်အအုံကို ဤသို့ သပ်ရပ်လှပစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

ကျေးလက်နေပြည်သူများ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးအတွက် စီမံဆောင်ရွက် သင်ကြားပေးလျက်ရှိသည့် အိမ်တွင်းမှုသက်မွေးလုပ်ငန်း အတတ်ပညာများ ကျွမ်းကျင်တတ်မြောက်လာသည်နှင့်အမျှ နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများတွင် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်ကြမည့်အပြင် နိုင်ငံသားအားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်ရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် လက်တွဲ ပါဝင်ဆောင်ရွက်။

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး နေပြည်တော်လယ်ဝေး၌ ပညာပေးဆွေးနွေး

နေပြည်တော် မတ် ၂၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးသည် မတ် ၁၉ရက် နံနက် ၉နာရီက နေပြည်တော်လယ်ဝေး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေးဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ပညာပေးဆွေးနွေးပွဲသို့ နေပြည်တော်ခရိုင် မွေး/ကု ဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာခင်ဇော်၊ မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်သန်းနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ NGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

အဆိုပါပညာပေးဆွေးနွေးပွဲတွင် နေပြည်တော်လယ်ဝေး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ရုံးအဖွဲ့မှူး ဦးစိုးတင့်က အဖွင့်မိတ်ဆက်အမှာစကား ပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ ပညာပေးဆွေးနွေးခြင်းကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

အိမ်မဲမြို့ တပ်တွင်းမူလတန်းကျောင်း အာစရိယပူဇော်ပွဲ ကျင်းပ

အိမ်မဲ မတ် ၂၀

မြောင်းမြခရိုင် အိမ်မဲမြို့ တပ်တွင်း အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပရာ အပူဇော်ခံဆရာ ဆရာမကြီး ၁၉ဦးအား ကျောင်းသား ကျောင်းသူဟောင်းများက ရှိခိုးကန်တော့ကြသည်။ အခမ်းအနားတွင် ဆရာ ဆရာမကြီးများကိုယ်စား အပူဇော်ခံ အငြိမ်းစား ဆရာကြီး ဦးမြင့်ဆွေက ဆုံးမ သြဝါဒစကား ပြောကြားပြီး အခမ်းအနား ဖြစ်မြောက်ရေးကိစ္စများကို ကျောင်းသားဟောင်း ဦးမောင်စိုးက ရှင်းလင်းပြောကြားသည်။ အခမ်းအနားအပြီး၌ ဆရာ ဆရာမကြီးများအား နံနက်စာဖြင့် ကျွေးမွေးလှူဒါန်းသည်။ (မြို့နယ် ပြန်/ဆက်)



ကျောက်ဆည်၌ စာကြည့်တိုက်အဆောက်အအုံများဖွင့်

ကျောက်ဆည် မတ် ၂၀

ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကိုယ်ပိုင်အဆောက်အအုံနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆောင်ရွက်လျက်ရှိရာ မတ် ၉ရက်က ဇရပ်ဖြူကျေးရွာ အားမာန်သစ်စာကြည့်တိုက် အဆောက်အအုံသစ်နှင့် သင်ပုတ်ကျေးရွာအုပ်စု တံတားဦးလေးကျေးရွာ ရွှေတံတားစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားများကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇရပ်ဖြူကျေးရွာ အားမာန်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ရပ်မိရပ်ဖ ဦးစံသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး (အပေါ်ပုံ) ခရိုင်ဦးစီးအရာရှိက သုတရသစာအုပ်စာစောင်များကို လှူဒါန်းကာ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ မွန်းလွဲ ၁နာရီတွင် တံတားဦးလေးကျေးရွာ ရွှေတံတား စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ ရေရှည်တည်တံ့ ခိုင်မြဲရေး လုပ်ငန်းများ၊ စာငှားကတ်စနစ်ဖြင့် ငှားရမ်းခြင်းလုပ်ငန်းများနှင့် စာပေအကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး နေ့စဉ်ထုတ်သတင်းစာ၊ စာအုပ်များနှင့် သုတရသစာအုပ် စာစောင်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးက လက်ခံယူပြီး ရွှေတံတား စာကြည့်တိုက် အဆောက်အအုံကို ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

လှိုင်ကော်ခရိုင် ရှားတောမြို့နယ်၌ ကျန်းမာရေး ကွင်းဆင်းဟောပြော

ရှားတော မတ် ၂၂

ကယားပြည်နယ် လွိုင်ကော်ခရိုင် ရှားတောမြို့နယ်တွင် ကမ္ဘာ့လူတုပ်ကွေး ရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ကွင်းဆင်းဟောပြောပွဲကို ရှားတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မတ် ၁၄ရက် နံနက် ၁၀နာရီက ရှားတောမြို့ တောင်ပိုင်း စုစည်းကျေးရွာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက အမှာစကားပြောကြားသည်။

တက်ရောက်

မြို့နယ်ဆရာဝန် ဒေါက်တာနန်းထူးထူးအောင်က ကမ္ဘာ့လူတုပ်ကွေး ရောဂါအကြောင်း (အောက်ဝဲပုံ) နှင့် မွေး/ကု ဦးစီးဌာနမှူး ဒေါက်တာရဲဝင်းက ကြက်ငှက်တုပ်ကွေးရောဂါ အကြောင်းတို့ကို ဟောပြောဆွေးနွေးပြီး ပြည်သူ ၂၀၀ခန့် တက်ရောက်ကြောင်း သိရသည်။ (ကျန်းမာရေး)

မံကင်းကျေးရွာ စာကြည့်တိုက်ဆောက်လုပ်

မတ် ၉ရက်က မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်တိုးတိုးမေနှင့်အဖွဲ့ မံကင်းကျေးရွာ၌ သုတပညာ စာကြည့်တိုက် ဆောက်လုပ်နေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာအိုင်စီတီပြပွဲ ၂၀၁၀ View Sonic ပြခန်း ပါဝင်ပြသခဲ့

ရန်ကုန် မတ် ၂၃

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၁၉ရက်မှ ၂၁ရက်အထိ ခင်းကျင်းပြသခဲ့သည့် Myanmar ICT Exhibition 2010 ပြပွဲတွင် View Sonic က ပါဝင်ပြသခဲ့သည်။

ပြသရောင်းချ

Royal Ayeyarwaddy Co., Ltd. မှ ခင်းကျင်းပြသ ရောင်းချခဲ့သည့် ပစ္စည်းများမှာ View Sonic Notebook, LCD Monitor, Portable Media Player, Digital Photo Frame, Projector များဖြစ်သည်။ အဓိကရောင်းချမည့်ပစ္စည်း မှာ View Sonic ၏ View book စာရင်းဝင် Notebook များ ပါဝင်သည်။

ကံစမ်းနိုင်

View book ၏ အားသာချက်မှာ အခြား Laptop များနှင့်မတူ ပေါ့ပါးခြင်း၊ ပါးလွှာ၍ အဆင့်မြင့်ဒီဇိုင်းနှင့် ထုတ်လုပ်ထားခြင်း၊ Battery သက်တမ်းကို ရှစ်နာရီအထိ အသုံးပြုနိုင်ခြင်း၊ Optical Drive နေရာတွင် Secondary Battery ကို ထပ်မံထည့်သွင်း အသုံးပြုနိုင်ခြင်းတို့ ဖြစ်သည်။ ပြပွဲကာလအတွင်း View Sonic Product ဝယ်ယူသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် View Sonic Notebook များ ရရှိကံစမ်းနိုင်မည့် ကူပွန်များလည်း ထုတ်ပေးခဲ့သည်။

ဆက်သွယ်ဝယ်ယူနိုင်

View Sonic အမှတ်တံဆိပ်ပစ္စည်းများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၈၇လမ်း အမှတ် (၇) (G/F) ဖုန်း-၃၈၄၈၅၀၊ ၃၈၉၃၆၆နှင့် ၃၉၄၄၉၄ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်သည်။ (သတင်းစဉ်)

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ချင်းတွင်းရတနာဈေးရှေ့ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဒုတိယဦးစီးမှူး(ဈေး)နှင့်အဖွဲ့ ရေမြောင်းဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို မန်စီမြို့နယ် ကျေးရွာများ၌ စာကြည့်တိုက်များဖွင့်

မန်စီ မတ် ၁၈

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဗန်းမော်ခရိုင် မန်စီမြို့နယ် မန်သာကျေးရွာတွင် သုတအလင်း စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၂ရက် မွန်းလွဲ ၁၂နာရီက ယင်းစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ရွှေ၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးထွန်းကြိုင်၊ ကျေးရွာဥက္ကဋ္ဌ ဦးတင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလားတူ မန်စီမြို့နယ် ကုန်းတိမ်ကျေးရွာတွင် မိုးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ်၁၂ရက် မွန်းလွဲ ၃နာရီက ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဒေါ်ဆုအေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးနန်းစေဖုန်းဆန်း၊ စခန်းမှူး ရဲအုပ် ကျော်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်း ထွေတလာ

ဖျာပုံ - ဓမင်းဆိပ်လမ်း ကျောက်ချောခင်း

ဖျာပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ဖျာပုံ-ဓမင်းဆိပ်လမ်း (သမိန်ထော-ကွန်ဒိုင်းအပိုင်း) ကျောက်ချောခင်းခြင်းလုပ်ငန်းကို မတ် ၆ရက်က အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အငယ်တန်းအင်ဂျင်နီယာ ဦးဝင်းကိုတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၃၇)

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်းအပြီး စိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိလည်းကောင်း၊ ယူရီးယား ဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော်တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။

၆။ ချဉ်ပေါင်လျှော် မျိုးစေ့များအား မစိုက်မီ သုံး၊ လေး နေလှန်းပြီးမှ စိုက်ပျိုးပါ။

၇။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချ စိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖြင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၈။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

တီးတိန်မြို့နယ်၌ DTH စလောင်းတပ်ဆင်

တီးတိန် မတ် ၂၀

တီးတိန်မြို့နယ် ဆွောင်းပီးကျေးရွာ ဒမ်းတွီးစာကြည့်တိုက်သို့ ပြန်ကြားရေးဝန်ကြီးမှလှူဒါန်းသော DTH စလောင်းတစ်စုံ ပေးအပ်ပွဲကို မတ် ၂ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ကြည်လင်ပြတ်သား

ရှေးဦးစွာ တီးတိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်က DTH စလောင်း ပေးအပ်ရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးရှင်းထွန်းစိန်ကလက်ခံပြီး အဆိုပါ စလောင်းကို တပ်ဆင်ဖမ်းယူရာ MRTV နှင့် MRTV-4 ရုပ်သံလိုင်းတို့ကို ကြည်လင်ပြတ်သားစွာ ဖမ်းယူရရှိသည်။

(မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၃)နှစ်ပြည့်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို မတ်၁၂ရက်က ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) မွန်ပြည်နယ်ရဲမှူးကြီးဝင်းကြည်က ၂၀၀၉ခုနှစ်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လှူဒါန်းပံ့ပိုးမှုပြုခဲ့သော မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ဥက္ကဋ္ဌ ဦးညီညီထွေးက လက်ခံယူစဉ်။ (၀၁၄)

ကော့ကရိတ်၌ မနောရထပုရဏီတံတားဖွင့်

ကော့ကရိတ် မတ် ၂၂

ကော့ကရိတ်မြို့နယ် ကမ်းနီစံပြကျေးရွာနှင့် အခြားသောအနီးဝန်းကျင်ကျေးရွာများမှ ပြည်သူများ ဝင်ထွက်သွားလာနိုင်ရေးအတွက် မနောရထပုရဏီ(လိုအင်ဆန္ဒပြည့်ဝစေသော်ဝ်) တံတားဖွင့်ပွဲကို ဖေဖော်ဝါရီ၉ရက် နံနက်စနာရီက ကျင်းပသည်။

ဖွင့်လှစ်

အဆိုပါတံတားဖွင့်ပွဲအခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်နေလင်း၊ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်နှင့် တံတားဖြစ်မြောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမင်းချစ်သိုင်း(**အပေါ်ပုံ**)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်ဖွံ့ဖြိုးရေး ဆွေးနွေး

လသာမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံဆွေးနွေးပွဲကို မတ် ၉ရက်က လသာမြို့နယ် (၆)ရပ်ကွက်ရှိ စာကြည့်တိုက်၌ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌဦးစိုးနိုင်က စာကြည့်တိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

အဝေးပြေး မော်တော်ယာဉ်များ ပုသိမ်၌ ရှောင်တခင် စစ်ဆေး

ရန်ကုန် မတ် ၂၃

ဧရာဝတီတိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းဝင်း၊ ပို့ဆောင်ရေးနှင့် စီမံကိန်းဦးစီးဌာန တိုင်းဦးစီးအရာရှိ ဦးကျော်ငြိမ်းမောင်၊ ဧရာဝတီတိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့တာဝန်ခံ ဒုတိယရဲမှူးဇော်ဝင်း၊ မထသဥက္ကဋ္ဌ ဦးစိုးကြိုင်၊ အတွင်းရေးမှူး ဦးခင်မောင်ရင်တို့ ပူးပေါင်းပါဝင်သော ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သည် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မတ် ၃ရက်က ပုသိမ်မြို့တွင်းသို့ ဝင်ထွက်သွားလာကြသော ခရီးသည်တင်မော်တော်ယာဉ်များအား မီးသတ်ဆေးဘူး၊ ဆေးလိပ်မသောက်ရသတိပေးစာတန်း၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်လိုင်စင်၊ မော်တော်ယာဉ်ကိုယ်ထည်နှင့် စက်ပစ္စည်းပိုင်းဆိုင်ရာများ ကြံ့ခိုင်မှုရှိ၊ မရှိ ရှောင်တခင်စစ်ဆေးခဲ့ကြသည်။ **(အောက်ပုံ)** **(၁၅၇)**

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ယာဉ်၊ စက်ယန္တရားများ ကြံ့ခိုင်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဘဝအလင်းရောင်စာကြည့်တိုက် ပန္နက်တင်ပွဲ ဆားလင်းကြီးမြို့နယ်၌ ကျင်းပ

ဆားလင်းကြီး မတ် ၁၀

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ဘုတ်ဝုကျေးရွာ၌ ဘဝအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၄ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဆန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ချို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်၊ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် ရပ်မိရပ်ဖတို့က စာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်မည့်မြေနေရာ၌ ပန္နက်တင်ပေးကြသည်။ အဆိုပါအဆောက်အအုံသစ်ကို ပြန်ကြားရေးဝန်ကြီးဌာနက ကျေးရွာစာကြည့်တိုက်များ အထူးစီမံကိန်းအတွက် ပံ့ပိုးငွေကျပ်၁၀သိန်းမတည်၍ ကျေးရွာနေပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု လွယ်ဂျယ်၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

လွယ်ဂျယ် မတ် ၂၀

(၆၅)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ ဘန်ယောကျေးရွာတွင် ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းမှုဖြင့် ငွေကျပ်သိန်း ၃၀ကျော်တန် အုတ်ညှပ်၊ သမံတလင်းခင်း၊ သွပ်မိုးထားသည့် ပညာဘဏ်တိုက် စာကြည့်တိုက်အဆောက်အအုံသစ်ကို မတ် ၁၀ရက် မွန်းတည့် ၁၂နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွှန့်ရွှေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးဇီဝူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဟောပြော

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွှန့်ရွှေက စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မာရှင်သန်ရေးနှင့် စာဖတ်ကျင့်ရှိရေးတို့ကို ဟောပြောဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ လွယ်ဂျယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ၁၄ လက်မရုပ်မြင်သံကြားပြစက်တစ်လုံး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများက စာအုပ်စာစောင် ၃၁၅အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌ ဦးဇီဝူးက လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

မိုးကောင်း၌ ဗိုလ်ဥတ္တမလမ်း ကတ္တရာထပ်ပိုးလွှာခင်း

မိုးကောင်း မတ် ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြ ဦးညီညီထွန်းတာဝန်ယူ၍ မြို့ဦးရပ်ကွက် ဗိုလ်ဥတ္တမလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ၈ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(၀၀၁)

မြို့နယ်သတင်း ထွေတလာ

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပခုက္ကူမြို့ မြို့မလမ်းဘေးဝဲယာတစ်လျှောက် သဲများ၊ ဖုန်မှုန့်များလှည်းခြင်း၊ လမ်းလယ်သံဆန်ခါ အောက်ခြေပလက်ဖောင်းများ ရေဆေးခြင်း လုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများဆောင်ရွက်ရာသို့ ဒုတိယဦးစီးမှူး (သန့်ရှင်းရေး) ဦးဆန်းဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရုံးအဆောက်အအုံများ၊ ဈေးများ၊ ဂိုဒေါင်များ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးလောင်ကျွမ်းမှု လျော့နည်းပပျောက်စေရေး ဟောပြောခြင်းနှင့် သရုပ်ပြပွဲကို မတ် ၁၀ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင် ကန်တော်မင်္ဂလာခန်းမဝင်းအတွင်း၌ကျင်းပရာ မီးသတ်ဦးစီးမှူး ဦးဆောင်သောဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ တက်ရောက်ကြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

(၆၅) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

❖ တပ်မတော်
အစိုးရလက်ထက်
ဖွံ့ဖြိုးတိုးတက်လာသော
ပညာရေးကဏ္ဍ

စာ-၇

❖ သစ္စာလေးချက် ဦးထိပ်ရွက်တာ တပ်မတော်ပါ
❖ ကမ္ဘာဆုံးသည့်တိုင်
❖ သတိထား

ရာဇကျော်၏ ဆောင်းပါး စာ-၈၊ ၉

တက္ကသိုလ်ညိုညိုသန့်၏ ကဗျာ စာ-၉

ကျော်သူဟိန်း၏ ကာတွန်း စာ-၉

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

အသားညှပ်ပေါင်မုန့် များများစားလျှင် နှလုံးရောဂါဖြစ်ပွားနိုင်ဟုဆို

အသားများများစားသုံးခြင်းသည် နှလုံးရောဂါနှင့် ဆီးချိုရောဂါများ ဖြစ်ပွားရန် အလားအလာများကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များကထုတ်ဖော်ပြောကြားလိုက်သည်။

ဖြစ်ပွား

အသားများစားသုံးရာတွင် အသားညှပ်ပေါင်မုန့်၊ ဟော့ဒေါ့ခ်အမျိုးမျိုး၊ အသားများပါဝင်သော အသင့်စားမုန့်များနှင့် ဝက်အူချောင်းကဲ့သို့သော အစားအစာများ စားသုံးပါကလည်း သွေးတိုးရောဂါနှင့် နှလုံးရောဂါတို့ဖြစ်ပွားနိုင်ကြောင်း ၎င်းတို့က သတိပေးထားသည်။

ပုံမှန်မဖြစ်

အသားများကိုစားသုံးခြင်းကြောင့် နှလုံးသွေးကြောများကျဉ်းနိုင်ပြီး နှလုံးသို့သွေးလည်ပတ်စီးဆင်းမှုလည်း ပုံမှန်မဖြစ်ဘဲ နှေးကွေးသွားကြောင်း၊ ထို့အပြင် အသားကို နေ့စဉ် ဂရမ် ၅၀ ခန့် စားသုံးပါက နှလုံးရောဂါဖြစ်ပွားမှု ၄၂ ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၃ *

မြန်မာ့အလင်း **သတင်းဆောင်းပါးအညွှန်း**

ခရမ်းစိုးမြင့်၏ ရောဝတီမြစ်အနောက်ခြမ်းဒေသ ဖွံ့ဖြိုးရေးအတွက် ဆောက်လုပ်နေသော ရောဝတီတံတား(မလွန်) သတင်းဆောင်းပါး

စာမျက်နှာ ၁၂ တွင် ဖတ်ရှုနိုင်ပါသည်။